# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily



**မပြစ်မှားမိအောင် သတိပြု**

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါ ပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။)

ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)



၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက် | ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ် (၁၁၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အထူးအဖွဲ့များ၊ သက်ဆိုင်ရာဌာနများအနေဖြင့် ဦးဆောင်ကော်မတီက ညွှန်ကြားမှု၊ သတင်းချပြမှု လိုက်ပါဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ မိမိတို့ရေးဆွဲတင်ပြထားသည့် အစီအမံများအတိုင်း စနစ်တကျ၊ တိတိကျကျ ဆောင်ရွက်





တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၈

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐




မြန်မာ့အလင်း

## တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အဂတိကင်းရှင်း၊ တာဝန်ကျေပွန်စွာဆောင်ရွက်

တရားမဝင်ကုန်သွယ်မှုများတွင် တာဝန်ကျဝန်ထမ်းများ ပါဝင်ပတ်သက်မှုမရှိစေရေး အထူးသတိပြုရန် ဇန်နဝါရီလ ၁၈ ရက်တွင် ကျင်းပသည့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) တွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အလေးအနက်မှာကြား သတိပေးခဲ့သည်။

ဆက်လက်၍ ဦးဆောင်ကော်မတီဥက္ကဋ္ဌက "လာဘ်ပေးလာဘ်ယူကင်းရှင်းရေးကို အစည်းအဝေးတိုင်းတွင် ထပ်ကာထပ်ကာ မှာကြားနေသည့်အပြင် ဝန်ထမ်းများ တရားမဝင်ကုန်သွယ်မှုများတွင် ငွေကြေးတောင်းခံခြင်း၊ တံစိုးလက်ဆောင်ရယူခြင်းများ မရှိစေရေး သတိပေးညွှန်ကြားမှုများကိုလည်း ပြုလုပ်ခဲ့ကြောင်း၊ ယင်းသို့ အကြိမ်ကြိမ်သတိပေးထိန်းကျောင်းနေသည့်ကြားမှ တရားမဝင်ကုန်သွယ်မှုများတွင် ပါဝင်ပတ်သက်နေသည့် ဝန်ထမ်းများကို စိစစ်တွေ့ရှိပါက စံနမူနာပြအနေဖြင့် ထိထိရောက်ရောက် အရေးယူသွားရမည်ဖြစ်သည်ကို ထပ်လောင်းပြောကြားလိုကြောင်း" မှာကြားခဲ့ရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက် တားဆီးဖမ်းဆီးအရေးယူမှုလုပ်ငန်းစဉ်များတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအားလုံး ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာစောင့်ထိန်းကြပြီး နိုင်ငံတော်နှင့် ပြည်သူအပေါ် သစ္စာရှိစွာ တာဝန်ကျေပွန်ကြရမည်ဖြစ်သည်။

တရားမဝင် ကုန်သွယ်မှုသည် မိမိတို့နိုင်ငံတွင် နှစ်ပေါင်းရှည်ကြာကပင် တည်ရှိနေခဲ့ခြင်းဖြစ်သကဲ့သို့ အတိုင်းအတာပမာဏကလည်း ကြီးမားလှသည်။ အခွန်ပေးဆောင်ရမည်ကို တိမ်းရှောင်ပြီး တရားမဝင်နည်းလမ်းဖြင့် ကုန်သွယ်ခြင်းကြောင့် နိုင်ငံတော်၏ အခွန်ဆုံးရှုံးမှုမှာ နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၆၀၀ ခန့်ရှိနေသည်။ တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများကြောင့် ပြည်တွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ကုန်သွယ်မှုကဏ္ဍကိုရော ကုန်ထုတ်လုပ်မှုကဏ္ဍကိုပါ ဆိုးဆိုးရွားရွား ထိခိုက်စေသည်ဟု MSME လုပ်ငန်းရှင်များက ပြောကြားကြရာ ပြည်တွင်း MSME များ ရပ်တည်ရှင်သန်နိုင်ရေးနှင့် အောင်မြင်နိုင်ရေးအတွက် တရားမဝင်ကုန်သွယ်မှုကို ထိရောက်စွာ နှိမ်နင်းနိုင်ရမည်ဖြစ်သည်။ ထို့အပြင် အရည်အသွေးစံချိန်စံညွှန်းနှင့် စားသောက်သုံးစွဲရန် သင့် မသင့် စစ်ဆေးမှုကင်းမဲ့သည့် တရားမဝင် ဆေးဝါး၊ စားသောက်ကုန်၊ အဖျော်ယမကာ၊ လူသုံးကုန်များကြောင့်လည်း ပြည်တွင်းမှ စားသုံးသူများ ထိခိုက်နစ်နာဆုံးရှုံးမှုတို့ ဖြစ်ပေါ်စေသည်။

နိုင်ငံအတွက် ရသင့်ရထိုက်သည့် အခွန်အခများ အပြည့်အဝ ကောက်ခံရရှိရေး၊ နိုင်ငံ၏ အဓိကစီးပွားရေးမောင်းနှင်အားဖြစ်သော အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်လာစေရေး၊ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်းများကဲ့သို့သော လူငယ်များ၏ ဘဝနှင့် ပြည်သူ့လုံခြုံရေးကို ပျက်စီးစေသည့်အရာများ ဝင်ရောက်မလာစေရေးအတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ အဂတိကင်းရှင်းစွာဖြင့် ပေးအပ်သည့်တာဝန် ကျေပွန်ကြပါစေကြောင်း။ ။

## Naypyitaw State Academy ရှေးဦးပြုစုခြင်း အခြေခံသင်တန်း(၁ / ၂၀၂၃) သင်တန်းဆင်းပွဲကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၁၈**

Naypyitaw State Academy ရှေးဦးပြုစုခြင်း အခြေခံသင်တန်း (၁/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါ Academy ဘက်စုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ကျောင်းသား ကျောင်းသူများက "ကမ္ဘာကသိမည် တို့ကြက်ခြေနီ" သီချင်းဖြင့် သီဆိုဖျော်ဖြေ ဖွင့်လှစ်ခဲ့ပြီး ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာနုနုလွင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် နေပြည်တော်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး တိုင်းကြက်ခြေနီဥက္ကဋ္ဌက ကျောင်းအတွက် First Aid Kid နှင့် အထောက်အကူပြု ပစ္စည်းများ လွှဲပြောင်းပေးအပ်ကာ သင်တန်းသားများက ရှေးဦးပြုစုခြင်း သရုပ်ပြကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် သင်တန်းသားများကို သင်တန်းဆင်း လက်မှတ်ပေးအပ်၍ သင်တန်းတွင် ထူးချွန်သူများကို ဆုချီးမြှင့်ပြီး သင်တန်းနည်းပြ ဆရာ ဆရာမများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို Nay-pyitaw State Academy ၌ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ ဦးဆောင်စီစဉ်မှုဖြင့် ဇန်နဝါရီ ၇ ရက်မှ ၁၅ ရက်အထိ စနေ၊ တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းသား သင်တန်းသူ ၄၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အသိပညာပေးဟောပြောပွဲ အုတ်တွင်းမြို့နယ်၌ကျင်းပ

**အုတ်တွင်း ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနက ဦးဆောင်ကျင်းပသော ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာဥပဒေ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိရတနာခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မြို့နယ် ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီက အသိပညာပေး အစီအစဉ်မှ ကလေးများ၏အခွင့်အရေးများကို သိရှိပြီး မိမိတို့ကိုယ်တိုင် လိုက်နာရမည့် ကျင့်ဝတ်များ၊ စည်းကမ်းများ၊ ကလေးသူငယ်များအား အကြမ်းဖက်ခြင်း၊ လျစ်လျူရှုခြင်း၊ အလွဲသုံးခြင်း၊ ခေါင်းပုံဖြတ်ခြင်းနှင့် လူကုန်ကူးခံရခြင်းတို့နှင့် ပတ်သက်၍ အသိပညာများ ရရှိမည်ဖြစ်ပြီး ရှောင်ရှားရမည့်အချက်များကိုလည်း သိရှိနိုင်မည်ဖြစ်၍ တိကျစွာလိုက်နာကြရန် ပြောကြားသည်။



ယင်းနောက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက တက်ရောက်ဆွေးနွေးသည်။ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဆိုပါအသိပညာပေးဟောပြောပွဲများကို ခရိုင် ၅၃ ခရိုင်၊ မြို့နယ် ၃၃၀တို့၌ ဇန်နဝါရီလမှစ၍ မတ်လအထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ အသိပေးနှိုးဆော်ချက်

- ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားတွင် မြို့နယ်ကိုယ်စားပြုဂဏန်းဖော်ပြချက်နှင့် မော်တော်ယာဉ်အမျိုးအမည် ဖော်ပြချက်တို့ကို ထပ်တိုးထည့်သွင်းရိုက်နှိပ်လျက် မော်တော်ယာဉ် ဖောင်းကြွနံပါတ်ပြားပုံစံအသစ်အား (၁-၇-၂၀၂၁) ရက်နေ့မှစတင်၍ မှတ်ပုံတင် မော်တော်ယာဉ်များတွင် ပြောင်းလဲတပ်ဆင်ဆောင်ရွက်ပေးလျက်ရှိပါသည်။
- လက်ရှိတွင် ကနဦးမှတ်ပုံတင်ယာဉ်များ၊ **နယ်ဝင်/ အမည်ပြောင်း/ လိပ်စာပြောင်း/ အင်ဂျင်ပြောင်း/ ဆေးရောင်ပြောင်း/ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်ပျောက် / မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်ပျောက်**ယာဉ်များနှင့် နှစ်လဲသက်တမ်းတိုး မော်တော်ယာဉ်များအားလုံးကို ဖောင်းကြွနံပါတ်ပြားအသစ်များ မပျက်မကွက် ပြောင်းလဲတပ်ဆင်ပေးလျက်ရှိပါသည်။
- မော်တော်ယာဉ်များအားလုံး ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ခြင်းအား အချိန်တိုအတွင်း မြန်ဆန်စွာ ရာနှုန်းပြည့်ပြီးစီးစေရေးအတွက် နိုင်ငံပိုင်ဌာနဆိုင်ရာယာဉ်များ၊ အဝေးပြေးခရီးသည်တင်ယာဉ်များ၊ မြို့တွင်းခရီးသည်တင်ယာဉ်လိုင်းများ၊ တက္ကစီယာဉ်များ၊ ကုန်တင်ယာဉ်များအားလုံးသည် (၃၁-၃-၂၀၂၃) ရက်နေ့အပြီး သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ကြရန်ဖြစ်ပါသည်။
- ထို့ပြင် ပုဂ္ဂလိကမော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် နှစ်လဲသက်တမ်းတိုးချိန်တွင်ဖြစ်စေ၊ သက်တမ်းတိုးချိန်မတိုင်မီဖြစ်စေ သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားအသစ်များ အမြန်ပြောင်းလဲတပ်ဆင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

❖ **တရားမဝင်ကုန်သွယ်မှုများကို အခကြေးငွေရယူပြီး လက်ခံဆောင်ရွက်ပေးနေသည့် တရားမဝင်ဂိတ်များကို လျှော့ချဖျက်သိမ်းရန် ဆောင်ရွက်ရမည်ဖြစ်ပြီး လိုအပ်ပါက တရားဝင် ဝင်/ထွက်ပေါက်များကို ပိုမိုတိုးချဲ့ဖွင့်လှစ်ရန် ဆောင်ရွက်ရမည်**

❖ **တရားဝင် နယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုများကို လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးရန် လိုအပ်ပြီး အခြားတစ်ဖက်တွင် တရားမဝင် ဝင်/ထွက်ပေါက်များ အသုံးပြုရှောင်ကွင်းမှုများကို ထိထိရောက်ရောက် တားဆီးစစ်ဆေးပြီး ပြတ်ပြတ်သားသား အရေးယူသွားရမည်**

❖ **ယင်းသို့ ဆောင်ရွက်နိုင်ရန် နယ်စပ်တစ်လျှောက် တရားဥပဒေစိုးမိုးမှုများ အားကောင်းလာစေရေး ဦးစားပေးဆောင်ရွက်ရန် လိုအပ်မည်**

❐ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အဖွဲ့ဝင်များဖြစ်ကြသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်ခဲ့ပြီး နိုင်ငံတော်တည်ငြိမ်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေး ဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဦးတည်ချက်(၃)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

### ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်

စီးပွားရေးဦးတည်ချက်များကို နိုင်ငံတော်၏ မူဝါဒနှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတွင် အဟန့်အတားဖြစ်စေသည့် တရားမဝင် ကုန်သွယ်မှုများ လျှော့နည်းကျဆင်းစေရေးအတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်တွင် နောက်ဆုံးအခြေအနေနှင့်အညီ ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထိုသို့လမ်းညွှန်မှာကြားခဲ့သည်မှာ (၁)နှစ်ပြည့်ခဲ့ပြီဖြစ်ကြောင်း၊ (၁)နှစ်တာကာလအတွင်း နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့် တရားမဝင်ကုန်သွယ်မှုများကို အတိုင်းအတာတစ်ရပ်အထိ တားဆီးစစ်ဆေးပြီး ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ယခင်နှစ်ကာလတူများနှင့် နှိုင်းယှဉ်လိုက်ပါကလည်း သိသိသာသာ တိုးတက်လာသည်ကို တွေ့ရကြောင်း။

### ငွေကျပ် (၅၆ ဒသမ ၅၉၇)ဘီလီယံ ပိုမိုဖမ်းဆီး

ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၁/၂၀၂၁)ကြိမ်မြောက်မှ (၅/၂၀၂၂)ကြိမ်မြောက်အထိ (၆)ကြိမ် ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက် (၁၉၇)ချက် ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တစ်နှစ်တာအတွင်း ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ(၄၂၃၂)မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် (၆၅ ဒသမ ०၅၆) ဘီလီယံဖြစ်ပြီး ယခင်နှစ်ကာလတူ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တစ်နှစ်အတွင်း ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ (၂၄၄၀)နှင့် ခန့်မှန်းတန်ဖိုးငွေကျပ် (၈ ဒသမ ၄၅၉)ဘီလီယံဖြစ်သည့်အတွက် ကာလတူတွင် အမှုတွဲ (၁၉၉၂) မှုနှင့် ခန့်မှန်းတန်ဖိုး ငွေကျပ် (၅၆ ဒသမ ၅၉၇)ဘီလီယံ ပိုမိုဖမ်းဆီးနိုင်ခဲ့ကြောင်း။

### နိုင်ငံပေါင်းစုံ မဟာမိတ်အဖွဲ့က သတ်မှတ်ထား

တရားမဝင် ကုန်သွယ်မှုဖြစ်ရခြင်း အကြောင်းရင်းများစွာရှိသည့်အနက် အခြေခံကျသည့်အကြောင်းရင်းများဖြစ်သည့် အစိုးရမူဝါဒ (Government Policy)၊ ရောင်းလိုအားနှင့် ဝယ်လိုအား (Supply and Demand)၊ ပွင့်လင်းမြင်သာမှုနှင့် ကုန်သွယ်မှု (Transparency and Trade)၊ အကောက်ခွန်လုပ်ငန်းဝန်းကျင် (Customs Environment) စသည့် အချက်များနှင့်တိုင်းတာသည်ကို တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး နိုင်ငံပေါင်းစုံ မဟာမိတ်အဖွဲ့က သတ်မှတ်ထားကြောင်း။

### တရားမဝင်နည်းလမ်းများဖြင့် ဆက်လက်ဝင်ရောက်

နိုင်ငံတော်အနေဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို စနစ်တကျ ထိန်းကျောင်းနိုင်ရန်အတွက် လိုအပ်သည့်မူဝါဒများကို အခါအားလျော်စွာ ပြောင်းလဲကျင့်သုံးခဲ့ရသည့် အခြေအနေများရှိကြောင်း၊ အထူးသဖြင့် မလိုအပ်သည့်ကုန်ပစ္စည်း တင်သွင်းမှုများတွင် နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချရန်အတွက် ကုန်သွယ်မှုမူဝါဒအပြောင်းအလဲများ ပြုလုပ်ရကြောင်း၊ အထူးသဖြင့် ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည့် ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သည့် သတင်းလွှာ (၁၀/၂၀၂၂)အရ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် တင်သွင်းရမည့် ကုန်စည်များကို ပို့ကုန်ကရရှိသည့် ဝင်ငွေ (သို့မဟုတ်) အခြားဝင်ငွေဝင်ရောက်မှုများအပေါ် အခြေခံပြီး တင်သွင်းခွင့်ပြုသည့် အစီအစဉ်ကြောင့် မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ဒီဇင်ဘာလအတွင်း သွင်းကုန်လိုင်စင်လျှောက်ထားမှုများ သိသိသာသာ ကျဆင်းသွားသော်လည်း မြဝတီမြို့ကို တစ်ဖက်နိုင်ငံ၏ ချစ်ကြည်ရေးတံတားမှ ဝင်ရောက်နေသည့် သွင်းကုန် ကုန်တင်ယာဉ် အရေအတွက်အနေဖြင့် သိသိသာသာကျဆင်းသွားခြင်းမရှိသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ယင်းသည် လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်စည်များ တရားမဝင်နည်းလမ်းများဖြင့် ဆက်လက်ဝင်ရောက်နေခြင်းဖြစ်သည်ဟု ယေဘုယျ ကောက်ချက်ချ၍ရကြောင်း။

ရောင်းလိုအားနှင့် ဝယ်လိုအားအနေဖြင့် ဈေးကွက်ပေါ်တွင် မူတည်ဖြစ်ပေါ်သည့်အတွက် ထိန်းချုပ်ရန် ခက်ခဲသော်လည်း ကျန်သည့်အချက်များဖြစ်သည့် ပွင့်လင်းမြင်သာမှုနှင့် ကုန်သွယ်မှု၊ အကောက်ခွန်လုပ်ငန်း ဝန်းကျင်ဆိုင်ရာများတွင် တာဝန်ရှိသည့်ဌာနများက တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်သည်ကို တိုက်တွန်း ပြောကြားလိုကြောင်း။

### အထင်အမြင်မမှားစေရေးအတွက် ဆောင်ရွက်

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ဖော်ဆောင်ရာတွင် Rule of Law **"တရားဥပဒေစိုးမိုးရေး"** သည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးပြီး လုံခြုံမှုရှိမှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များအနေဖြင့် ဖမ်းဆီးတားဆီးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်၊ အများပြည်သူကိုလည်း ဥပဒေကို လေးစားလိုက်နာရန် တတ်စွမ်းသမျှ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှုများသည် အများပြည်သူအမြင်တွင် အထင်အမြင်မမှားစေရေးအတွက် ဆောင်ရွက်ကြရန် လိုအပ်သည်ကိုလည်း မှာကြားလိုကြောင်း၊ ယခုကဲ့သို့ ပြောကြားရခြင်းသည်လည်း နေ့စဉ်ဖမ်းဆီးရမိ သတင်းတင်ပြနိုင်ရေး ဟန်ပြဆောင်ရွက်ခြင်းထက် အမှန်တကယ် ထိထိရောက်ရောက် တားဆီးစစ်ဆေးပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းမျိုးကိုသာ ဖြစ်စေလိုသည့်အတွက် ပြောကြားရခြင်းဖြစ်ကြောင်း။

### ဖမ်းဆီးရမိမှုများ တိုးတက်လာ

ယခင်က ကုန်သွယ်မှုလမ်းကြောင်းများ၊ စစ်ဆေးရေးစခန်းများ၌ပင် စစ်ဆေးဖမ်းဆီးမှုများ ပြုလုပ်ခဲ့ပြီး နောက်ပိုင်းတွင် တရားမဝင် ကုန်ပစ္စည်းများ သိုလှောင်နိုင်သည့် သိုလှောင်ရုံနှင့် အဆောက်အဦများကိုပါ သတင်းရယူ ဝင်ရောက်စစ်ဆေး ဖော်ထုတ်ဖမ်းဆီးပြီး ဥပဒေနှင့်အညီ အရေးယူခဲ့သည့်အတွက် ကုန်သွယ်မှုလမ်းကြောင်း မဟုတ်သည့်နေရာများတွင် ဖမ်းဆီးရမိမှုများ တိုးတက်လာသည်ကို တွေ့ရကြောင်း။

### ပြတ်ပြတ်သားသား အရေးယူသွားရမည်

တရားမဝင်ကုန်သွယ်မှုများကို အခကြေးငွေရယူပြီး လက်ခံဆောင်ရွက်ပေးနေသည့် တရားမဝင်ဂိတ်များကို လျှော့ချဖျက်သိမ်းရန် ဆောင်ရွက်ရမည်ဖြစ်ပြီး လိုအပ်ပါက တရားဝင် ဝင်/ထွက်ပေါက်များကို ပိုမိုတိုးချဲ့ဖွင့်လှစ်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားဝင် နယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုများကို လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးရန်လိုအပ်ပြီး အခြားတစ်ဖက်တွင် တရားမဝင် ဝင်/ထွက် ပေါက်များ အသုံးပြုရှောင်ကွင်းမှုများကို ထိထိရောက်ရောက် တားဆီးစစ်ဆေးပြီး ပြတ်ပြတ်သားသား အရေးယူသွားရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရန် နယ်စပ်တစ်လျှောက် တရားဥပဒေစိုးမိုးမှုများ အားကောင်းလာစေရေး ဦးစားပေးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

### စဉ်ဆက်မပြတ် လုပ်ဆောင်

မိမိတို့အနေဖြင့် အထူးသတိပြုရမည်မှာ တရားမဝင် ကုန်သွယ်မှုများတွင် တာဝန်ကျဝန်ထမ်းများ ပါဝင်ပတ်သက်မှု မရှိစေရေးပင်ဖြစ်ကြောင်း၊ လာဘ်ပေးလာဘ်ယူ ကင်းရှင်းရေးကို အစည်းအဝေးတိုင်းတွင် ထပ်ကာထပ်ကာ မှာကြားနေသည့်အပြင် ဝန်ထမ်းများ တရားမဝင် ကုန်သွယ်မှုများတွင် ငွေကြေးတောင်းခံခြင်း၊ တံစိုးလက်ဆောင် ရယူခြင်းများမရှိစေရေး သတိပေးညွှန်ကြားမှုများကိုလည်း ပြုလုပ်ခဲ့ကြောင်း၊ ယင်းသို့ အကြိမ်ကြိမ် သတိပေးထိန်းကျောင်းနေသည့်ကြားမှ တရားမဝင်ကုန်သွယ်မှုများတွင် ပါဝင်ပတ်သက်နေသည့် ဝန်ထမ်းများကို စိစစ်တွေ့ရှိပါက စံနမူနာပြအနေဖြင့် ထိထိရောက်ရောက် အရေးယူသွားရမည်ဖြစ်သည်ကို ထပ်လောင်းပြောကြားလိုကြောင်း။ အလားတူ တရားမဝင်ကုန်သွယ်မှု၏ ဆိုးကျိုးများကို အများပြည်သူသိရှိစေရေးတို့အတွက် အသိပညာပေးခြင်း လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်သွားရန် လိုအပ်ကြောင်း။

တရားမဝင် ကုန်သွယ်မှုများကို တားဆီးစစ်ဆေးရာတွင် တရားမဝင်ကုန်ပစ္စည်းများ အပါအဝင် လက်နက်ခဲယမ်း၊ မူးယစ်ဆေးဝါးများကိုလည်း ဖမ်းဆီးရမိလျက်ရှိကြောင်း၊ ယခင်ကမူးယစ်ဆေးဝါးများ ဖမ်းဆီးရမိရာတွင် WY ကဲ့သို့ ဆေးပြားများကို အများဆုံး ဖမ်းဆီးရမိခဲ့သော်လည်း နောက်ပိုင်းတွင် မူးယစ်ဆေးဝါးထုတ်လုပ်သူများသည် ၎င်းတို့၏ ဈေးကွက်အတွင်း အလွယ်တကူ ထိုးဖောက်ဖြန့်ချိရန်နှင့် လူငယ်များကို ဦးတည်ဖျက်ဆီးရောင်းချရန် မူးယစ်ဆေးဝါးများကို အစားအသောက်ပုံစံများအဖြစ်လည်း ပြောင်းလဲထုတ်လုပ်လာသည်ကို တွေ့ရကြောင်း၊ လူငယ်များအနေဖြင့် အစားအသောက်ဟူသော အသိဖြင့်

*စာမျက်နှာ ၄ သို့*

❑ **တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ဦးဆောင်မှုဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များ ဖွဲ့စည်း၍ ထိထိရောက်ရောက် တားဆီးဖမ်းဆီး ဆောင်ရွက်လျက်ရှိပြီး အထိုက်အလျောက် တားဆီးစစ်ဆေး အရေးယူနိုင်ခဲ့**

❑ **ယင်းသို့ ဖမ်းဆီးတားဆီးရာတွင် ပါဝင်ဆောင်ရွက်ကြသည့် ဝန်ထမ်းများအနေဖြင့် အဂတိတရားကင်းရှင်းစွာဖြင့် နိုင်ငံအတွက် ရသင့်ရထိုက်သည့် အခွန်အခများ ကောက်ခံရရှိနိုင်ရေးအတွက် စေတနာအပြည့်အဝထားပြီး ပေးအပ်ထားသည့် တာဝန်ကို ကျေပွန်စွာဖြင့် ဆောင်ရွက်**

*စာမျက်နှာ ၃ မှ*

စူးစမ်းသုံးစွဲကြရာမှ မူယစ်ဆေး၏ သားကောင်ဘဝသို့ ရောက်ရှိသွားနိုင်ကြောင်း၊ ထို့အတူ လူငယ်ဘဝ ဖွံ့ဖြိုးတိုးတက်မှုများ ပျက်စီးသွားစေနိုင်သကဲ့သို့ မိသားစုဝင်များ စိတ်ပူပန်ဆင်းရဲရသည့် နောက်ဆက်တွဲပြဿနာများ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိဘများ၊ မိသားစုဝင်များအနေဖြင့် မိမိတို့ သားသမီးများ၊ မိသားစုဝင်များ သုံးစွဲနေသည့် အစားအသောက်များသည် ပုံမှန်ဟုတ်မဟုတ်ကို ခွဲခြားနိုင်သည့် အသိပညာဗဟုသုတများ ရှိနေကြရမည်ဖြစ်ကြောင်း။

**ကျေပွန်စွာဖြင့် ဆောင်ရွက်ပေး**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ဦးဆောင်မှုဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များ ဖွဲ့စည်း၍ ထိထိရောက်ရောက် တားဆီးဖမ်းဆီး ဆောင်ရွက်လျက်ရှိပြီး အထိုက်အလျောက် တားဆီးစစ်ဆေးအရေးယူနိုင်ခဲ့ကြောင်း၊ ယင်းသို့ ဖမ်းဆီးတားဆီးရာတွင် ပါဝင်ဆောင်ရွက်ကြသည့် ဝန်ထမ်းများအနေဖြင့် အဂတိတရား ကင်းရှင်းစွာဖြင့် နိုင်ငံအတွက် ရသင့်ရထိုက်သည့် အခွန်အခများ ကောက်ခံရရှိနိုင်ရေးအတွက် စေတနာအပြည့်အဝထားပြီး ပေးအပ်ထားသည့်တာဝန်ကို ကျေပွန်စွာဖြင့် ဆောင်ရွက်ပေးကြရန် အလေးအနက် မှာကြားလိုကြောင်း၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကိုလည်း ပူးပေါင်းဆောင်ရွက်မှုများအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ကဏ္ဍအလိုက် ဖော်ထုတ်ချက်များကိုလည်း အခါအားလျော်စွာ ဆက်လက်ပံ့ပိုးပေးသွားရန် မေတ္တာရပ်ခံလိုကြောင်း၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အထူးအဖွဲ့များ၊ သက်ဆိုင်ရာဌာနများအနေဖြင့် ဦးဆောင်ကော်မတီက ညွှန်ကြားမှု၊ သတင်းချပြမှု လိုက်ပါဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ မိမိတို့ရေးဆွဲတင်ပြထားသည့် အစီအစဉ်များအတိုင်း စနစ်တကျ၊ တိတိကျကျ ဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးညွန့်အောင်က တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ (၅/၂၀၂၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

**အမှာစာများကို ဖတ်ကြားတင်ပြ**

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိင်္ဂီဇင်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများက တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်နှင့် တက်ရောက်လာကြသူများက တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင်က တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) ဆုံးဖြတ်ချက်(မူကြမ်း)ကို ဖတ်ကြားတင်ပြ အတည်ပြုချက်ရယူသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင်ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၀ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

## မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှု ငွေပေးချေရာတွင် ဒေါ်လာအပြင် ယွမ်ဖြင့်ပါ ခွင့်ပြု

**မူဆယ် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုများအတွက် ငွေပေးချေမှုကို ဒေါ်လာငွေကြေးအပြင် ယွမ်ငွေကြေးဖြင့်လည်း ခွင့်ပြုပေးထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ နယ်စပ်ကုန်သွယ်မှုများအတွက် ငွေပေးချေရာတွင် ဒေသထွက် အသီးအနှံများဖြစ်ကြသော ပဲ၊ ပြောင်း၊ နှမ်း၊ မြေပဲဆန် စသည်တို့ကို ဒေါ်လာငွေကြေးအပြင် ယွမ်ငွေကြေးဖြင့်လည်း ဆောင်ရွက်ခွင့်ပြုပေးထားပြီး လယ်ယာထွက်ပစ္စည်းများဖြစ်ကြသော ဆန်၊ ဆန်ကွဲ အစရှိသည့် အခြားလယ်ယာထွက်ကုန်များနှင့် ရေထွက်ပစ္စည်းများဖြစ်ကြသည့် ကဏန်း၊ ငါးရှဉ့်တို့ကို ယွမ်ငွေကြေးဖြင့်သာ ခွင့်ပြုဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ကုန်သွယ်ရေးစခန်းများတွင် ပို့ကုန်သွင်းကုန်လိုင်စင်များကို ကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည့်အပြင် Tradenet 2.0 System တွင် Online မှလည်း လျှောက်ထားနိုင်သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် သွင်းကုန်လိုင်စင် ၁၇ စောင်၊ ယွမ် ၂ ဒသမ ၅၂၄ သန်း တန်ဖိုးရှိသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ပန်းသီးနှင့် လိမ္မော်သီး အစရှိသည်တို့ကို ခွင့်ပြုထုတ်ပေးခဲ့သည့်အပြင် ဇန်နဝါရီ ၁ ရက်မှ ၁၇ ရက်အထိ သွင်းကုန်လိုင်စင် ၄၁၅ စောင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။ ထို့အပြင် ဇန်နဝါရီ ၁ ရက်မှ ၁၇ ရက်အထိ ပို့ကုန်ယာဉ်စီးရေ ၃၇၁၄ စီး၊ သွင်းကုန်ယာဉ်စီးရေ ၁၄၂၂ စီး ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့ပြီး တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ထုတ်ပေးသော ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်(Form E) ထုတ်ပေးမှုတွင် ၆၀၅ စောင်ရှိကြောင်း သိရသည်။

ယင်းအပြင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလပိုင်းတွင် ကဏန်း၊ နှမ်း၊ ဖရဲသီး၊ ဆန်၊ ဆန်ကွဲ၊ ငါးရှဉ့်နှင့် ကြက်သွန်စသည့် အဓိကအများဆုံးပို့ကုန်ပစ္စည်းဖြစ်ပြီး တရုတ်ပြည်မဘက်မှ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းများ၊ ပန်းသီး၊ လိမ္မော်သီး၊ မီးဖိုချောင်သုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ် အပိုပစ္စည်းများ၊ ပလတ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အခြားလူသုံးကုန်ပစ္စည်းများ စသည့်သွင်းကုန်ပစ္စည်းများ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**



## ရွှေတောင်မြို့၌ လူငယ်စကားဝိုင်း ကျင်းပ

**ရွှေတောင် ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီက အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် မြို့နယ်ပညာရေးမှူး ဦးကျော်ဦးတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ကျင်းပရာ ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်နှင့် အထက်တန်းပြ ဆရာမ ဒေါ်သုသု ဟန်စောတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ပြီး အထက (ရွှေတောင်) ကျောင်းမှ Grade-11 ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် ကျန်းမာရေး ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးကြရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းကြသည်။

အဆိုပါ လူငယ်စကားဝိုင်းသို့ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၃၀ တက်ရောက်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲများကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ဆက်)**

# စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာနမှဝန်ထမ်းများအား ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၈

**၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အားကြိုးမာန်တက် ပါဝင်ခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။**



အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး ဒေါ်ခင်ဆွေဝင်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ဇနီး ဒေါ်ဝင်းရီ၊ အမြဲတမ်းအတွင်းဝန်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက **(အပေါ်ယာပုံ)** အမှာစကား ပြောကြားရာ၌ ကြုံတောင့်ကြုံခဲ နေ့ထူးနေ့မြတ် အခါသမယဖြစ်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနား၌ တာဝန်ကျေရုံ မဟုတ်ဘဲ ပြုံးရွှင်တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည့် မိမိဝန်ကြီးဌာန၏ ဝန်ထမ်းများအတွက် အထူးအစီအစဉ်အဖြစ် ဂုဏ်ပြုအခမ်းအနား ကျင်းပပေးခြင်း ဖြစ်ပါကြောင်း၊ စိန်ရတု လွတ်လပ်ရေးနေ့သည် တစ်သက်တွင် တစ်ခါသာ ကျော်ဖြတ်ရခြင်းဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများသည် နိုင်ငံအတွက် ထိရောက်သည့် ခြေလှမ်းများဖြစ်ပါကြောင်း၊ ကမ္ဘာက အသိအမှတ်ပြုရသည့် သမိုင်းတွင်မည့် ဂုဏ်ယူဖွယ် အခမ်းအနားကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းသည် ဝန်ထမ်းများ၏ စွမ်းဆောင်ချက်ကြောင့် ဖြစ်ပါကြောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးပေးခဲ့သည့် ဝန်ထမ်းများကို မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားသည်။



ထို့နောက် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားများ၊ ပွဲတော်များ၊ ပဒေသာကပွဲကျင်းပခဲ့ပုံများနှင့် ပတ်သက်သည့် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က စစ်ရေးပြတပ်ခွဲတွင် ပါဝင်ခဲ့သည့် ဝန်ထမ်း ၁၆၅ ဦး အတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာ ဝန်ထမ်းများကိုယ်စား ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ ဝန်ထမ်းနှစ်ဦးစီတို့က လက်ခံရယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စစ်ရေးပြတပ်ခွဲတွင် ပါဝင်ခဲ့သည့် ဝန်ထမ်း ၁၆၅ ဦး၊ ချင်းပြည်နယ်ကိုယ်စားပြု ယိမ်းအဖွဲ့တွင် ပါဝင်ခဲ့ကြသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်း ၅၇ ဦး၊ ဂုဏ်ပြုယာဉ် တည်ဆောက်ရေးတွင် ပါဝင်ခဲ့ကြသည့် ဝန်ထမ်း ၁၀ ဦး၊ တူယှဉ်နွှဲပျော်ဂီတပွဲတော်တွင် ပါဝင်ခဲ့ကြသည့် ဝန်ထမ်း ၁၀ ဦး၊ လူငယ်စာပေနှင့် အနုပညာပြပွဲတွင် ပါဝင်ခဲ့ကြသည့်ဝန်ထမ်း ၁၀ ဦး၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းတွင် ပါဝင်ခဲ့ကြသည့် ဝန်ထမ်း ၁၀ ဦး၊ ပဒေသာကပွဲအခမ်းအနားတွင် ပါဝင်ခဲ့ကြသည့် ဝန်ထမ်း ၁၀ ဦး စုစုပေါင်း ဝန်ထမ်း ၂၇၂ ဦးတို့ကို တစ်ဦးလျှင် ငွေကျပ်သုံးသောင်းစီဖြင့် စုစုပေါင်း ငွေကျပ် ရှစ်ဆယ့်တစ်သိန်းခြောက်သောင်းကို ပေးအပ်ရာ ဝန်ထမ်းများကိုယ်စား ဝန်ထမ်းတစ်ဦးစီတို့က လက်ခံရယူကြသည်။ **(ဝဲပုံ)**

ဆက်လက်၍ တက်ရောက်လာကြသည့် ဂုဏ်ပြုခံဝန်ထမ်းများက ကာရာအိုကေ သီဆိုယှဉ်ပြိုင်ကြပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုရရှိသူများကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဝန်ထမ်းများကို ကံစမ်းမဲများဖွင့်ဖောက် ပေးအပ်ခဲ့သည်။

**သတင်းစဉ်**

---

*○ ကျောဖုံးမှ*

အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့များအပ်နှင်းခြင်း အခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက်လက်ခံရယူမည့် ဘွဲ့ခံပုဂ္ဂိုလ်များကို နေပြည်တော်ကောင်စီအပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်ဘွဲ့များ လက်ခံရယူမည့် ကာယကံရှင်မိသားစုဝင်များထံသို့ သွားရောက်ချီးမြှင့်အပ်နှင်းပေးလျက်ရှိသည်။

ထိုသို့ ချီးမြှင့်အပ်နှင်းပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် နှင့် တာဝန်ရှိသူများသည် စည်သူဘွဲ့ရရှိသူ ဗိုလ်မှူးကြီး(ငြိမ်း) လဖိုင်ခွန်နော် (ကိုယ်စား) သမီးဖြစ်သူ ဒေါ်လဖိုင်နန်ဒွဲကို မြစ်ကြီးနားမြို့ရှိ ၎င်း၏မိသားစုနေအိမ်သို့ သွားရောက်၍ ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဘွဲ့လက်မှတ်ကို လက်ဝယ်အရောက် ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## နမ့်စန်၊ ခိုလမ်၊ ကွန်ဟိန်းနှင့် ကာလိမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်၊ ခိုလမ်၊ ကွန်ဟိန်းနှင့် ကာလိမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယမန်နေ့ မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက ခိုလမ်မြို့ နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက်ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ ဧက ၁၀၀ စံပြစိုက်ကွက်အတွင်း နှမ်း၊ မိုး၊ ဆောင်း သုံးသီးစနစ်ဖြင့် ပညာပေးစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဇန်နဝါရီ ၁၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်းရှိ စိုက်ပျိုးရေး ဦးစီးဌာနနှင့် တောင်သူအကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် ဧက ၁၀၀ စံပြစိုက်ကွက်၌ ပြည်နယ်အတွင်း စိုက်ပျိုးရေး အသိပညာပေး စံပြစိုက်ကွင်းတစ်ခု တစ်နှစ်ပတ်လုံး သုံးသီးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၇ ရက်က ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဧက ၁၀၀ စံပြစိုက်ကွက်အတွင်း ဖြတ်သန်းစီးဆင်းသည့် အင်ဂျန်းခချောင်း ရေကြီးရေလျှံမှုကြောင့် သီးနှံဆုံးရှုံးမှုမှ ကာကွယ်နိုင်ရေး ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ရေနုတ်မြောင်းအဖြစ် အရှည်ပေ ၁၀၀၀၀ ကျော်ကို အနက်ငါးပေ ပြန်လည်တူးဖော်ခြင်းလုပ်ငန်း၊ အရှည်ပေ ၇၀ ကျောက်စီခြင်းလုပ်ငန်း၊ တာပေါင်ဖို့ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စု လမ်းမကြီးဘေး မန်ခိန်ရပ်ကွက်အတွင်း ဧက ၁၀၀ စံပြစိုက်ကွက်အတွင်း စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်းသီးနှံ ဆင်းရွှေကြာ-၂ မျိုးသန့် နေကြာပင်များ ဧက ၃၄ ဧက စိုက်ပျိုးဆောင်ရွက်ထားရှိမှုကို ဒေသခံတောင်သူများနှင့်အတူ လှည့်လည်ကြည့်ရှု စစ်ဆေးပြီး စံပြစိုက်ကွက်အတွင်း မိုးစပါးအပါအဝင် ဒုတိယသီးနှံအဖြစ် ဆီထွက်သီးနှံ နေကြာ/ပဲပုပ်နှင့် တတိယသီးနှံအဖြစ် ဟင်းသီးဟင်းရွက် စိုက်ခင်းများဖြင့် တစ်နှစ်ပတ်လုံး နှမ်း၊ မိုး၊ ဆောင်း သုံးသီးပုံစံဖြင့် တောင်သူပညာပေး စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုများအား တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထို့အပြင် ဧက ၁၀၀ စံပြစိုက်ကွက်အတွင်း အင်ဂျန်းခချောင်း ပြန်လည်တူးဖော်ထားရှိမှု၊ စိုက်ကွက်များအတွင်း လက်တံမြောင်းများ ပြန်လည်တူးဖော်ပေးနိုင်ရေး၊ နွေရာသီ စိုက်ပျိုးရေလုံလောက်မှု ရှိစေရေးအတွက် စက်ရေတွင်း ကိုးတွင်းနှင့် ဆိုလာစနစ်ဖြင့် ရေတွင်း တစ်တွင်း တူးဖော် ဆောင်ရွက်ပေးထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း တစ်နှစ်ပတ်လုံး သီးထပ်သီးနှံများဖြင့် သန့်ရှင်းသာယာလှပသည့် တောင်သူပညာပေး စံပြစိုက်ကွက်တစ်ခု ဖြစ်ပေါ်လာစေရေး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ဘီလာရုစ်နိုင်ငံ)

ဝါဝါ

### နိဒါန်း

ဘီလာရုစ်နိုင်ငံသည် အရှေ့ဥရောပတွင်ရှိသော ကုန်းတွင်းပိတ်နိုင်ငံ တစ်နိုင်ငံဖြစ်သည်။ အရှေ့ဘက်နှင့်အရှေ့မြောက်ဘက်တွင် ရုရှားနိုင်ငံ၊ တောင်ဘက်တွင် ယူကရိန်းနိုင်ငံ၊ အနောက်ဘက်တွင် ပိုလန်နိုင်ငံ၊ အနောက်မြောက်ဘက်တွင် လစ်သူယေးနီးယားနိုင်ငံနှင့် လတ်ဗီးယားနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး နယ်နိမိတ်အရှည်မှာ စုစုပေါင်း ၃၀၉၈ ကီလိုမီတာ (၁၉၂၅ မိုင်) ဖြစ်သည်။ နိုင်ငံ၏ အကျယ်အဝန်းမှာ ဧရိယာ ၂၀၇၆၀၀ စတုရန်းကီလိုမီတာ (၈၀၂၀၀ စတုရန်းမိုင်) ဖြစ်သည်။ လူဦးရေ ၉ ဒသမ ၄၁ သန်းရှိသည်။ ဘီလာရုစ်နိုင်ငံ၏ ရုံးသုံးဘာသာစကားများမှာ ဘီလာရုစ်ဘာသာစကားနှင့် ရုရှားဘာသာစကားတို့ဖြစ်သည်။ ဘီလာရုစ်နိုင်ငံတွင် စုစုပေါင်းလူဦးရေ၏ ၈၄ ဒသမ ၉ ရာခိုင်နှုန်းသည် ဘီလာရုစ်လူမျိုးများဖြစ်ကြပြီး ကျန်လူမျိုးမှာ ရုရှား၊ ပိုလန်နှင့် ယူကရိန်းလူမျိုးများ ဖြစ်ကြသည်။ နိုင်ငံကို ဒေသခုနစ်ခု ပိုင်းခြား၍အုပ်ချုပ်သည်။ ဘီလာရုစ်နိုင်ငံ၏ မြို့တော်မှာ မင့် (Minsk) မြို့ဖြစ်သည်။

### နိုင်ငံသမိုင်းအကျဉ်း

ဘီလာရုစ်နိုင်ငံသည် ၂၀ ရာစုနှစ်အထိ Principality of Polotsk ၊ Grand Duchy of Lithuania၊ ရုရှားအင်ပါယာနှင့် Polish–Lithuanian Commonwealth စသော အခြားသောတိုင်းပြည်များ၏ နယ်မြေဖြစ်ခဲ့သည်။ ရုရှားတော်လှန်ရေးပြီးနောက်ပိုင်းတွင် ဆိုဗီယက်ပြည်ထောင်စုဝင် သမ္မတနိုင်ငံတစ်ခု ဖြစ်လာသည်။ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးနောက် ၁၉၉၁ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် လွတ်လပ်ရေးကို ကြေညာခဲ့သည်။

### ဥပဒေပြုရေး

ဥပဒေပြုအာဏာကို အမျိုးသားလွှတ်တော် (National Assembly)က ကျင့်သုံးသည်။ အမျိုးသားလွှတ်တော်တွင် လွှတ်တော်နှစ်ရပ် ပါဝင်သည်။ ၎င်းတို့မှာ အောက်လွှတ်တော် (The House of Representatives )နှင့် အထက်လွှတ်တော် (The Council of the Republic) ဖြစ်သည်။ လွှတ်တော်သက်တမ်းမှာ လေးနှစ်ဖြစ်သည်။ အောက်လွှတ်တော်သည် ဥပဒေကြမ်းများကို သုံးသပ်ခြင်း၊ သမ္မတရွေးကောက်ပွဲများ ခေါ်ယူခြင်း၊ နိုင်ငံတော်သမ္မတ၏ ထောက်ခံချက်ဖြင့် ဝန်ကြီးချုပ်ခန့်အပ်ခြင်းအား အတည်ပြုခြင်း၊ အစိုးရ၏လုပ်ဆောင်ချက်များအား အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်သည်။ အမျိုးသားလွှတ်တော်သည် နှစ်စဉ်ပုံမှန်အစည်းအဝေး နှစ်ကြိမ်ကျင်းပသည်။ ပုံမှန်မဟုတ်သည့် အစည်းအဝေးများကို သမ္မတအမိန့်ဖြင့် ခေါ်ဆိုနိုင်သည်။

အထက်လွှတ်တော်သည် အောက်လွှတ်တော်က တင်သွင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားသော ဥပဒေကြမ်းများကိုပြင်ဆင်ခြင်း သို့မဟုတ် မွမ်းမံခြင်း၊ ပြင်ဆင်မွမ်းမံပြီးသော ဥပဒေကြမ်းများကို အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့ကို ဆောင်ရွက်သည်။

### အုပ်ချုပ်ရေး

အုပ်ချုပ်ရေးအာဏာကို ဗဟိုအစိုးရဝန်ကြီးများကောင်စီမှ ကိုင်တွယ်ကျင့်သုံးသည်။ အောက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဘီလာရုစ်သမ္မတက ခန့်အပ်ထားသော ဝန်ကြီးချုပ်များက ဦးဆောင်သည်။

### တရားစီရင်ရေး

တရားစီရင်ရေးကဏ္ဍတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးနှင့် အထွေထွေတရားစီရင်ရေးဆိုင်ရာ တရားရုံးများဟူ၍ နှစ်မျိုးပါဝင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို အဆင့်မြင့် ဥပဒေရေးရာကျွမ်းကျင်သူ ၁၂ ဦးဖြင့် ဖွဲ့စည်းထားသည်။ တရားသူကြီး ခြောက်ဦးကို ဘီလာရုစ်သမ္မတက ခန့်အပ်ထားပြီး ကျန်ခြောက်ဦးကို အထက်လွှတ်တော်က ရွေးကောက်တင်မြှောက်ထားသည်။ တရားရုံးဥက္ကဋ္ဌအား အထက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဘီလာရုစ်သမ္မတက တိုက်ရိုက်ခန့်အပ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး တရားသူကြီးတစ်ဦး၏ ရာထူးသက်တမ်းမှာ ၁၁ နှစ်ဖြစ်သည်။ အထွေထွေတရားစီရင်ရေးဆိုင်ရာတရားရုံးချုပ်သည် အထွေထွေတရားစီရင်ပိုင်ခွင့်ရှိသော တရားရုံးများ၏စနစ်ကို ဦးဆောင်ပြီး အရပ်ဘက်၊ ရာဇဝတ်မှု၊ အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာ အမှုအခင်းများအတွက် အမြင့်ဆုံးတရားစီရင်ရေးအဖွဲ့အစည်းဖြစ်သည်။ ဘီလာရုစ်တွင် အထူးတရားရုံးများ ဖွဲ့စည်းခြင်းကို တားမြစ်ထားသည်။

### ဗဟိုရွေးကောက်ပွဲကော်မရှင်

ဘီလာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် (Central Election Commission–CEC) ကို Supreme Soviet of the Byelorussian SSR မှ ၁၉၈၉ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ဖွဲ့စည်းခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကော်မရှင်ကို နိုင်ငံတော်သမ္မတနှင့် အထက်လွှတ်တော်တို့က ဖွဲ့စည်းသည်။ ဗဟိုရွေးကောက်ပွဲကော်မရှင်ကို ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးအပါအဝင် စုစုပေါင်း အဖွဲ့ဝင် ၁၂ ဦး ဖွဲ့စည်းထားပြီး အဖွဲ့ဝင် ခြောက်ဦးကို နိုင်ငံတော်သမ္မတက ခန့်အပ်၍ ကျန်အဖွဲ့ဝင် ခြောက်ဦးကို အထက်လွှတ်တော်က ရွေးချယ်တင်မြှောက်သည်။ အထက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဗဟိုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌကို ကော်မရှင်အဖွဲ့ဝင်များထဲမှ နိုင်ငံတော်အကြီးအကဲက ခန့်အပ်သည်။ ပထမအကြိမ် အစည်းအဝေးတွင် ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ကော်မရှင်အဖွဲ့ဝင်များထဲမှ ရွေးချယ်တင်မြှောက်သည်။ သာမန်အားဖြင့် ဗဟိုရွေးကောက်ပွဲကော်မရှင်ကို ရွေးကောက်ပွဲကျင်းပရေးနှင့် ဆန္ဒခံယူပွဲကျင်းပရေးတို့တွင် အတွေ့အကြုံများရှိသည့် တရားစီရင်ရေးဆိုင်ရာ ပညာအရည်အချင်းမြင့်မားသော နိုင်ငံသားများဖြင့် ဖွဲ့စည်းထားပါသည်။ ဗဟိုရွေးကောက်ပွဲကော်မရှင်၏သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။ ဗဟိုရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များကို ရွေးကောက်ပွဲဆိုင်ရာ ကျင့်ထုံးဥပဒေနှင့် ကော်မရှင်၏လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများဖြင့် ထိန်းချုပ်ထားသည်။

ဗဟိုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲ **ကျင်းပနိုင်ရေးအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်** (Territorial Election Commission–TEC)၊ **ခရိုင်ရွေးကောက်ပွဲ ကော်မရှင်** (District Election Commission–DEC)၊ **ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်** (Precinct Election Commission – PEC) တို့ကို ဖွဲ့စည်းဆောင်ရွက်သည်။

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်နှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်များကို** ရွေးကောက်ပွဲမတိုင်မီ ၇၅ ရက်မှ ၈၅ ရက်အတွင်း ဒေသဆိုင်ရာအလုပ်အမှုဆောင်များနှင့် ကိုယ်စားလှယ်အဖွဲ့များဖြင့် ဖွဲ့စည်းသည်။ **ရပ်ကွက်/ကျေးရွာအုပ်စု**ရွေးကောက်ပွဲကော်မရှင်များကို ရွေးကောက်ပွဲမတိုင်မီ ၄၅ ရက်အတွင်းဖွဲ့စည်းသည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များကို နိုင်ငံရေးပါတီများနှင့် အခြားအများပြည်သူအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအပြင် နိုင်ငံသားများကပါ အမည်စာရင်းတင်သွင်းနိုင်သည်။ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်နှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်များကို** ကိုးဦးမှ ၁၃ ဦးအထိ ဖွဲ့စည်းနိုင်ပြီး ရပ်ကွက် / ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်များကို ငါးဦးမှ ၁၉ ဦးအထိ ဖွဲ့စည်းနိုင်ပါသည်။ ဥပဒေအရ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် အနည်းဆုံးသုံးပုံ တစ်ပုံသည် နိုင်ငံရေးပါတီများနှင့် ပြည်သူ့အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရသည်။ အစိုးရဝန်ထမ်းဦးရေသည် ကော်မရှင်အဖွဲ့ဝင်များ၏ သုံးပုံတစ်ပုံထက် မပိုစေရပါ။ ကော်မရှင်တွင် တရားသူကြီးများ၊ အစိုးရရှေ့နေများ၊ ဒေသဆိုင်ရာအမှုဆောင်များနှင့် အုပ်ချုပ်ရေးအဖွဲ့များ၏ အကြီးအကဲများ မပါဝင်ပါ။

### ရွေးကောက်ပွဲဆိုင်ရာကျင့်ထုံးဥပဒေ

ဘီလာရုစ်သမ္မတနိုင်ငံ၌ ရွေးကောက်ပွဲများ ပြင်ဆင်ခြင်းနှင့် ကျင်းပခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံ၏ရွေးကောက်ပွဲဆိုင်ရာ ကျင့်ထုံးဥပဒေတို့ဖြင့် ထိန်းကျောင်းသည်။ ဘီလာရုစ်သမ္မတနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာကျင့်ထုံးဥပဒေအား ၂၀၀၀ ပြည့်နှစ်တွင် အတည်ပြုခဲ့သည်။ ထိုအချိန်မှစ၍ အဆိုပါဥပဒေအား ၂၀၀၃ ခုနှစ်၊ ၂၀၀၆ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၁ ခုနှစ်၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ပြန်လည်ပြင်ဆင်ခဲ့ပါသည်။

### ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲစနစ်များ

ဘီလာရုစ်နိုင်ငံတွင် သမ္မတရွေးကောက်ပွဲ၊ လွှတ်တော်ရွေးကောက်ပွဲ၊ ဒေသန္တရရွေးကောက်ပွဲနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ တို့ကိုကျင်းပသည်။ ဘီလာရုစ်နိုင်ငံသည် သမ္မတကို ငါးနှစ်သက်တမ်းအတွက် နှစ်ကျော့ပြန်စနစ်(Two Round System) ဖြင့် ပြည်သူများက တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ ပထမအကျော့တွင် မည်သည့်ကိုယ်စားလှယ်လောင်းမှ စုစုပေါင်းဆန္ဒမဲအရေအတွက် ၅၀ ရာခိုင်နှုန်းအထက် မရရှိပါက ဆန္ဒမဲအရေအတွက် အများဆုံးရရှိသော ကိုယ်စားလှယ်လောင်း နှစ်ဦးက ဒုတိယအကျော့ကို နှစ်ပတ်အတွင်း ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဒုတိယအကျော့တွင် ဆန္ဒမဲ ၅၀ ရာခိုင်နှုန်းကျော်ရရှိသော ကိုယ်စားလှယ်လောင်းသည် ရွေးကောက်တင်မြှောက်ခံရမည်ဖြစ်သည်။ ထို့အပြင် ရွေးကောက်ပွဲအထမြောက်ရန်အတွက် မဲပေးသူ ၅၀ ရာခိုင်နှုန်းကျော်လိုအပ်သည်။ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံမည့် ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင်

*စာမျက်နှာ ၇ သို့*




ဘီလာရုစ်နိုင်ငံ၏ အုပ်ချုပ်ရေး ဒေသများ မြေပုံ။

> **“ ဘီလာရုစ်နိုင်ငံတွင် သမ္မတရွေးကောက်ပွဲ၊ လွှတ်တော်ရွေးကောက်ပွဲ၊ ဒေသန္တရရွေးကောက်ပွဲနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ တို့ကိုကျင်းပသည်။ ဘီလာရုစ်နိုင်ငံသည် သမ္မတကို ငါးနှစ်သက်တမ်းအတွက် နှစ်ကျော့ပြန်စနစ်(Two Round System) ဖြင့် ပြည်သူများက တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ ပထမအကျော့တွင် မည်သည့် ကိုယ်စားလှယ်လောင်းမှ စုစုပေါင်းဆန္ဒမဲအရေအတွက် ၅၀ ရာခိုင်နှုန်းအထက် မရရှိပါက ဆန္ဒမဲအရေအတွက် အများဆုံးရရှိသော ကိုယ်စားလှယ်လောင်းနှစ်ဦးက ဒုတိယအကျော့ကို နှစ်ပတ်အတွင်း ပြန်လည်ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ဒုတိယအကျော့တွင် ဆန္ဒမဲ ၅၀ ရာခိုင်နှုန်းကျော်ရရှိသော ကိုယ်စားလှယ်လောင်းသည် ရွေးကောက်တင်မြှောက်ခံရမည် ဖြစ်သည် ”**

# ကျိုက်လတ်မြို့နယ် ကျေးရွာလေးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် ဆောင်းသီးနှံများ စိုက်ပျိုးမည်

**ကျိုက်လတ် ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျိုက်လတ်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာ၌ ဆောင်းသီးနှံ စိုက်ဧက ၆၇ ဧကကို ဆိုလာရေတင်စနစ်ဖြင့် ရေပေးဝေ စိုက်ပျိုးမည်ဖြစ်ကြောင်း ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



ဆိုလာစွမ်းအင်သုံး ရေတင်စီမံကိန်း ဆောင်ရွက်ပြီး စိုက်ပျိုးရေပေးဝေခြင်းသည် မီတာခကုန်ကျစရိတ် သက်သာစေခြင်း၊ လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းသက်သာစေခြင်းနှင့် ကုန်ကျစရိတ် သက်သာစွာ ရေသွင်းစိုက်ပျိုးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဆိုလာစွမ်းအင်သုံး ရေတင်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

"ဆိုလာရေတင်စနစ်နဲ့ အောက်ကုန်းကျေးရွာမှာ စိုက်ဧက ၂၀၊ ဆင်တာကျေးရွာမှာ စိုက်ဧက ၁၀ ဧက၊ ထုံးကြီးကျေးရွာမှာ စိုက်ဧက ၂၇ ဧကနဲ့ ကျောက်ထရံကြီးကျေးရွာမှာ စိုက်ဧက ၁၀ ဧက စုစုပေါင်း ၆၇ ဧက ဖြစ်ပါတယ်၊ လုပ်ငန်းတွေအားလုံး ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်လို့ လက်ရှိမှာ စိုက်ပျိုးသီးနှံတွေ စိုက်ပျိုးဖို့ ရေပေးဝေလျက်ရှိပါတယ်၊ ဒီကျေးရွာတွေရဲ့ စိုက်ကေတွေ ရေလွှမ်းခြုံပြီး ရေပေးဝေနိုင်ဖို့ ကေအနည်းအများအပေါ် မူတည်ပြီး ဆိုလာရေတင်စနစ်နဲ့ ရေတွင်းတွေကို ဆောင်ရွက်ထားပါတယ်။ ရေတွင်းတစ်တွင်းကို အကျယ် လေးလက်မခွဲ၊ အနက်ပေ ၂၀၀ ရှိပြီး တစ်နာရီလျှင် ရေဂါလန် ၂၀၀၀ လောက် ထွက်ရှိတဲ့အတွက် ရေဖျန်းစနစ်နဲ့ စိုက်ပျိုးကေတွေကို ရေလုံလောက်စွာ ပေးဝေနိုင်ပါတယ်" ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးသူရရှိန်က ပြောသည်။

အဆိုပါ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးကေများ ရေပေးဝေပေးမှုကြောင့် ကျေးရွာလေးရွာရှိ တောင်သူ ၃၉ ဦး၏ စိုက်ဧက ၆၇ ဧကရှိ နေကြာသီးနှံများအပါအဝင် ဆီထွက်သီးနှံများကို ရာသီမရွေးစိုက်ပျိုးနိုင်ခြင်း၊ အထွက်နှုန်း တိုးတက်ပြီး မိသားစုဝင်ငွေပိုတိုးခြင်း စသည့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

ကိုလှိုင်

## ပေါင်းတည်မြို့နယ် ဘွတ်ကြီးဝိုင်းအတွင်း ကျွန်းပင် ၂၀၀၀ စိုက်ပျိုး

**ပေါင်းတည် ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ဘွတ်ကြိုးဝိုင်းအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် သစ်ထုတ်လုပ်မှု မြင့်မားလာစေရေးအတွက် အရှိန်အဟုန်မြှင့်စီမံဆောင်ရွက်လျက်ရှိရာ ကြိုးဝိုင်းအတွင်းရှိ ဒေသခံပြည်သူပိုင်အကွက်၌ ကျွန်းပင် ၂၀၀၀ ကို ဇန်နဝါရီ ၁၆ ရက်က စိုက်ပျိုးသည်။

မြို့နယ်သစ်တောဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် အကွက်အမှတ် ၁၀၊ သစ်တော ၁၀၀ ဒသမ ၅ ဧက၌ တောအုပ်ဦးတင်လှိုင်ဦး ကြီးကြပ်၍ ပန်းသင်းပင်ကျေးရွာမှ တောင်သူ ဦးညွန့်ဝင်းပါတောင်သူ ၂၁ ဦး စုပေါင်းပြီး ကျွန်းပင် ၂၀၀၀ စိုက်ပျိုးခြင်းဖြစ်ကြောင်းနှင့် အလားတူ ရွှေလေးကြိုးဝိုင်း၊ ဒေါလယ်ကြိုးဝိုင်း၊ ရှားပြင်ကြီးကြိုးဝိုင်း၊ ပန်းသင်းပင်ကြိုးဝိုင်းနှင့် ဇီးပင်လှကြိုးဝိုင်းတို့တွင်လည်း ဒေသခံကျေးရွာနေပြည်သူများနှင့် ပူးပေါင်း၍ ကျွန်းပင်များ စိုက်ပျိုးထူထောင်ထားကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှူးထံမှ သိရသည်။

သူရကြီး (ပြန်/ဆက်)



*စာမျက်နှာ ၆ မှ*

အနည်းဆုံး အသက် ၃၅ နှစ်အထက် ရှိသူ၊ ဘီလာရုစ်သမ္မတနိုင်ငံမှ မွေးဖွားလာသူဖြစ်ပြီး ရွေးကောက်ပွဲမတိုင်မီ အနည်းဆုံး နှစ် ၂၀ ဘီလာရုစ်တွင် အခြေချနေထိုင်သူ ဖြစ်ရမည်။ သမ္မတအဖြစ် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းတစ်ဦးသည် သမ္မတရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် မဲဆန္ဒရှင်များ၏ ထောက်ခံလက်မှတ်အနည်းဆုံး ၁၀၀၀၀၀ စုဆောင်းရမည်။ ဘီလာရုစ်သမ္မတနိုင်ငံ သမ္မတရွေးကောက်ပွဲများကို ငါးလထက် နောက်မကျစေဘဲ အောက်လွှတ်တော်ကကြေညာပြီး လက်ရှိသမ္မတရာထူးမှ ရုပ်စဲခြင်းမပြုမီ နှစ်လထက် နောက်မကျစေဘဲ တနင်္ဂနွေနေ့တွင် ကျင်းပရမည်ဖြစ်သည်။ သမ္မတရာထူးလစ်လပ်ပါက ရက်ပေါင်း ၃၀ ထက် မစောဘဲ လစ်လပ်သည့်နေ့မှစ၍ ရက်ပေါင်း ၇၀ ထက် နောက်မကျစေဘဲ ရွေးကောက်ပွဲများ ကျင်းပမည်ဖြစ်သည်။ သမ္မတရွေးကောက်ပွဲများကို ၂၀၀၁ ခုနှစ်၊ ၂၀၀၆ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ကျင်းပခဲ့သည်။ **နောက်ဆုံးကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၉ ရက်တွင် ကျင်းပခဲ့ပါသည်။** သမ္မတရွေးကောက်ခံပိုင်ခွင့်ကို သက်တမ်းဖြင့် ကန့်သတ်ထားခြင်းမရှိပါ။ **လက်ရှိသမ္မတ အလက်ဇန်းဒါးလူကာရှန်ကို (Aleksandr Lukashenko) သည် ခြောက်ကြိမ်မြောက်အထိ ဆက်တိုက် ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။**

### လွှတ်တော်ရွေးကောက်ပွဲ

လွှတ်တော်သစ်အတွက် ရွေးကောက်ပွဲများကို လက်ရှိဆောင်ရွက်နေသည့် လွှတ်တော်အာဏာမရုပ်စဲမီ ရက်ပေါင်း ၃၀ ထက်နောက်မကျဘဲ ကျင်းပရသည်။ လေးလထက်နောက်မကျစေဘဲ သမ္မတက သတ်မှတ်ပေးသည်။ အောက်လွှတ်တော်တွင် ကိုယ်စားလှယ် ၁၁၀ ဦးပါဝင်ပြီး ပြည်သူများက တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ အောက်လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံမည့် ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အနည်းဆုံး အသက် ၂၁ နှစ်ပြည့်ပြီးသူ၊ ဘီလာရုစ်နိုင်ငံတွင် အခြေချနေထိုင်သူ၊ ပြစ်မှုကင်းရှင်းသူ၊ ဘီလာရုစ်နိုင်ငံသားတစ်ဦး ဖြစ်ရမည်။ အောက်လွှတ်တော်အမတ်များသည် တစ်ချိန်တည်းမှာပင် အစိုးရအဖွဲ့ဝင်လည်း ဖြစ်နိုင်သည်။

အထက်လွှတ်တော် (The Council of the Republic)ကို ကိုယ်စားလှယ် ၆၄ ဦးဖြင့် ဖွဲ့စည်းထားပြီး ကိုယ်စားလှယ် ရှစ်ဦးကို သမ္မတက တိုက်ရိုက်ခန့်အပ်၍ ကျန်အမတ် ၅၆ ဦးအား ဒေသ ခြောက်ခုစီနှင့် မင့်မြို့တို့မှ ဒေသန္တရကောင်စီများက လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ဖြင့် ရွေးကောက်တင်မြှောက်သည်။ အထက်လွှတ်တော်အတွက် ရွေးကောက်တင်မြှောက်ခံရမည့် ကိုယ်စားလှယ်လောင်းတစ်ဦးသည် ထောက်ခံမဲ ၅၀ ရာခိုင်နှုန်းကျော် ရရှိရမည်ဖြစ်သည်။ ပထမအကျော့တွင် လိုအပ်သောကိုယ်စားလှယ်လောင်းအရေအတွက်မရရှိပါက ဒုတိယအကျော့ကို ပြန်လည်ကျင်းပမည်ဖြစ်သည်။ အထက်လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံမည့် ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အနည်းဆုံးအသက် ၃၀ နှစ်ပြည့်ပြီးသူ၊ ဘီလာရုစ်နိုင်ငံ၏ သက်ဆိုင်ရာဒေသတွင် အနည်းဆုံး ငါးနှစ် အခြေချနေထိုင်သူ၊ ပြစ်မှုကင်းရှင်းသူ၊ ဘီလာရုစ်နိုင်ငံသားတစ်ဦးဖြစ်ရမည်။ လွှတ်တော်ရွေးကောက်ပွဲများကို ၁၉၉၅ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်၊ ၂၀၀၄ ခုနှစ်၊ ၂၀၀၈ ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၆ ခုနှစ်တို့တွင် ကျင်းပခဲ့သည်။

### မဲဆန္ဒနယ်သတ်မှတ်ခြင်း

လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပရန်အတွက် (Electoral Districts) ရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒနယ်ပေါင်း ၁၁၀ ခုကို ဖွဲ့စည်းသည်။ အောက်လွှတ်တော်ရွေးကောက်ပွဲအတွက် မဲဆန္ဒနယ် တစ်ခုလျှင် ပျမ်းမျှမဲဆန္ဒရှင်ဦးရေကို လက်ရှိအောက်လွှတ်တော်သက်တမ်းမကုန်ဆုံးမီ ငါးလထက် နောက်မကျစေဘဲ ဗဟိုကော်မရှင် (CEC) က ဖွဲ့စည်းသည်။ လွှတ်တော်ရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်များကို ဒေသဆိုင်ရာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့များ၏ အဆိုပြုချက်အရ ဗဟိုရွေးကောက်ပွဲကော်မရှင်က ဖွဲ့စည်းသည်။ လွှတ်တော်ရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်မြေများစာရင်းကို ဗဟိုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲကျင်းပမည့်ရက် ကြေညာပြီး ပဉ္စမမြောက်နေ့ထက် နောက်မကျစေဘဲ ထုတ်ပြန်ရသည်။

### ဆန္ဒမဲပေးပိုင်ခွင့်ရှိသူနှင့် ဆန္ဒမဲပေးပိုင်ခွင့်မရှိသူ

အသက် ၁၈ နှစ်ပြည့်ပြီးသော ဘီလာရုစ်နိုင်ငံသားမည်သူမဆို ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ဥပဒေအရ တရားရုံးမှ စိတ်ပေါ့သွပ်နေသူအဖြစ် သတ်မှတ်ခြင်းခံရသူနှင့် ထောင်ဒဏ်ကျခံနေရသူတို့သည် ဆန္ဒမဲပေးပိုင်ခွင့်မရှိပါ။

### မဲရုံများဖွဲ့စည်းခြင်း

မဲရုံတစ်ရုံကို မဲဆန္ဒရှင် ၂၀ မှ ၃၀၀၀ သတ်မှတ်ထားသည်။ မဲရုံများကို ဆေးရုံများ၊ စောင့်ရှောက်ရေးဂေဟာများ၊ ဆေးပေးခန်းများနှင့် အခြားသောကျန်းမာရေးစောင့်ရှောက်ရေး စင်တာများတွင် ဖွင့်လှစ်ထားရှိပြီး တပ်တွင်းမဲရုံများလည်း ဖွင့်လှစ်ထားသည်။ ခရိုင်နှင့် မြို့(ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လက်အောက်ခံမြို့များ)များတွင် မဲရုံများ ဖွဲ့စည်းခြင်းကို ခရိုင်နှင့် မြို့နယ်အလုပ်အမှုဆောင်ကော်မတီများက ဆောင်ရွက်ပြီး ခရိုင်လက်အောက်ခံ မြို့များတွင် မဲရုံများဖွဲ့စည်းခြင်းကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များက ဆောင်ရွက်ပါသည်။ စစ်ဘက်ဆိုင်ရာယူနစ်များတွင် မဲရုံများကို တပ်မတော်တပ်ဖွဲ့မှူးများ၏ အဆိုပြုချက်အတိုင်း တူညီသောအစီအစဉ်ဖြင့် ဖွဲ့စည်းသည်။ ဘီလာရုစ်သမ္မတနိုင်ငံပြင်ပ နိုင်ငံရပ်ခြားတွင်နေထိုင်သည့် ဘီလာရုစ်သမ္မတနိုင်ငံ နိုင်ငံသားများအတွက် မဲရုံများကို သက်ဆိုင်ရာနိုင်ငံများရှိ ဘီလာရုစ်သမ္မတနိုင်ငံ ကောင်စစ်ဝန်ရုံး အကြီးအကဲများဖြင့်ဖွဲ့စည်းထားသည်။ မဲပေးမည့်နေရာများကို ရွေးကောက်ပွဲမတိုင်မီ နှစ်လထက်နောက်မကျဘဲ ဖွဲ့စည်းရသည်။ မဲရုံတစ်ရုံးချင်းစီ၏ တည်နေရာများနှင့်ပတ်သက်၍ မဲဆန္ဒရှင်များအား ရွေးကောက်ပွဲမကျင်းပမီ ၁၀ ရက်ထက်နောက်မကျဘဲအသိပေးအကြောင်းကြားသည်။

### မဲစာရင်းပြုစုခြင်း

ရွေးကောက်ပွဲတွင် ပါဝင်ခွင့်ရှိသည့် နိုင်ငံသားများစာရင်းကို ဒေသဆိုင်ရာအာဏာပိုင်များမှ တင်ပြသော အရည်အချင်းပြည့်မီသည့် နေထိုင်သူများ၏ အချက်အလက်များအပေါ်အခြေခံ၍ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် (Precinct Election Commission–PEC) မှ မဲရုံအလိုက်ပြုစုသည်။ စစ်မှုထမ်းများ၊ တပ်မတော်သားများနှင့် ၎င်းတို့တည်ရှိရာဒေသများတွင်နေထိုင်သော အခြားမဲဆန္ဒရှင်များနှင့် ၎င်းတို့နှင့်အတူနေ မိသားစုဝင်များစာရင်းကို စစ်ဘက်ဆိုင်ရာတပ်မှူးများက ပေးအပ်သော အချက်အလက်များအပေါ်အခြေခံ၍ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်မှ ပြုစုသည်။ နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို သက်ဆိုင်ရာနိုင်ငံများရှိ ကောင်စစ်ဝန်ရုံးများမှပေးပို့သည့် အချက်အလက်များအပေါ်အခြေခံ၍ ပြုစုသည်။ မိမိတို့ နေထိုင်သည့်ဒေသရှိ မဲစာရင်းတွင် မှတ်ပုံတင်ထားသောနိုင်ငံသားများသည် အဆိုပါဒေသရှိမဲရုံတွင်သာ အမည်စာရင်းပါဝင်သည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတစ်ဦးသည် မဲရုံတစ်ခုတည်း၏ စာရင်းတွင်သာ ပါဝင်နိုင်သည်။ သက်သေခံကတ်ပြား သို့မဟုတ် သက်ဆိုင်ရာဒေသတွင် နေထိုင်ကြောင်း အထောက်အထားများ တင်ပြနိုင်သည့် အရည်အချင်းပြည့်မီသော မဲဆန္ဒရှင်များအား ဗဟိုရွေးကောက်ပွဲ ကော်မရှင် (Central Election Commission–CEC)နှင့် တရားရုံးတို့မှ အတည်ပြုချက်မရှိဘဲ ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်က ရပ်ကွက်/ကျေးရွာအုပ်စု မဲဆန္ဒရှင်စာရင်းတွင် ထည့်သွင်းပေးနိုင်သည်။ မဲဆန္ဒရှင်များသည် မဲစာရင်းတွင် ပါဝင်ခြင်းရှိ/မရှိနှင့် မိမိတို့၏အချက်အလက် မှန်ကန်မှု ရှိ/မရှိတို့ကို စစ်ဆေးဆောင်ရွက်နိုင်သည်။ မဲဆန္ဒရှင်များသည် မဲစာရင်းတွင်ပါရှိသည့် အချက်အလက်များကို အတည်ပြုရန် သို့မဟုတ် ပြင်ဆင်မှုများပြုလုပ်ရန်အတွက် ရွေးကောက်ပွဲမတိုင်မီ ၁၅ ရက် အလိုတွင် ဆောင်ရွက်နိုင်သည်။ *(ဆက်လက်ဖော်ပြပါမည်)*

❖ **မဲရုံတစ်ရုံကို မဲဆန္ဒရှင် ၂၀ မှ ၃၀၀၀ သတ်မှတ်ထားသည်။ မဲရုံများကို ဆေးရုံများ၊ စောင့်ရှောက်ရေးဂေဟာများ၊ ဆေးပေးခန်းများနှင့် အခြားသောကျန်းမာရေး စောင့်ရှောက်ရေးစင်တာများတွင် ဖွင့်လှစ်ထားရှိပြီး တပ်တွင်းမဲရုံများလည်း ဖွင့်လှစ်ထားသည်။ ခရိုင်နှင့် မြို့(ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လက်အောက်ခံ မြို့များ) များတွင် မဲရုံများ ဖွဲ့စည်းခြင်းကို ခရိုင်နှင့် မြို့နယ်အလုပ်အမှုဆောင် ကော်မတီများက ဆောင်ရွက်ပြီး ခရိုင်လက်အောက်ခံ မြို့များတွင် မဲရုံများဖွဲ့စည်းခြင်းကို ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက ဆောင်ရွက်ပါသည်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးကို လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၈

**အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Mongkol Viststump နှင့်အဖွဲ့ကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့ကို ယခုလို တွေ့ဆုံခြင်းဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အခက်အခဲများနှင့် ရပိုင်ခွင့်များ၊ အလုပ်သမားစေလွှတ်ခြင်းကိစ္စရပ်များနှင့် နှစ်နိုင်ငံ MoU စနစ်ဖြင့် ဆောင်ရွက်မည့်ကိစ္စရပ်များအတွက် များစွာ အထောက်အပံ့ဖြစ်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံအစိုးရမှ တရားဝင်ခန့်အပ်ထားသည့် အလုပ်သမားသံအရာရှိများနှင့် ညှိနှိုင်းဆွေးနွေးရေးကိစ္စ၊ MoU စနစ်ဖြင့် စေလွှတ်သည့် အလုပ်သမားများအတွက် ဗီဇာကြေးလျှော့ချပေးနိုင်ရေးကိစ္စ၊ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Understanding on Labour Corporation) နှင့် အလုပ်သမားများ အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူစာချုပ် (Agreement on the Employment of Workers) သက်တမ်းတိုးလက်မှတ် အမြန်ရေးထိုးနိုင်ရေးကိစ္စ၊ MoU အလုပ်သမားများအား လေကြောင်းလိုင်းမှ တစ်ဆင့် စေလွှတ်နိုင်ရေးကိစ္စ၊ ထိုင်းနိုင်ငံရှိ MoU သက်တမ်း ၄ နှစ်ပြည့်ပြီးသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို နိုင်ငံကူးလက်မှတ်စာအုပ်သက်တမ်းတိုးအသစ်ထုတ်ပေးနိုင်ရေးနှင့် ထိုင်းနိုင်ငံရှိ အထောက်အထားမဲ့ မြန်မာအလုပ်သမားများကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (CI) ထုတ်ပေးသည့်ကိစ္စနှင့် ထိုင်းနိုင်ငံရှိ အထောက်အထားမဲ့မြန်မာအလုပ်သမားများကို ယာယီနေထိုင်လုပ်ကိုင်ခွင့် (ပန်းရောင်ကတ်) များ ထုတ်ပေးခြင်းကိစ္စရပ်များကို အသေးစိတ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန် ဦးညွန့်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၁၈**

တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကရင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုနှင့် တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာတို့နှင့်အတူ ယနေ့မွန်းလွဲပိုင်း၌ ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ လိုက်ပါပို့ဆောင် နှုတ်ဆက်ကြသည်။




**ဓလေ့ထုံးတမ်းများဖလှယ်**

ယခု သွားရောက်သည့် တိုင်းရင်းသားရေးရာယဉ်ကျေးမှု ဖလှယ်ရေးအစီအစဉ် (ဒုတိယအကြိမ်)သည် မဲခေါင်-လန်ချန်း နိုင်ငံများအကြား တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများဖလှယ်ကြရန်၊ တိုင်းရင်းသားရေးရာမူဝါဒနှင့် အခွင့်အရေးဆိုင်ရာများကို လေ့လာကြရန်နှင့် မျှဝေကြရန်၊ မဲခေါင်ဒေသအတွင်းရှိ တိုင်းရင်းသားလူမျိုးများအကြား ချိတ်ဆက် ဆောင်ရွက်နိုင်သော ကွန်ရက်တစ်ခုဖြစ်ပေါ်လာစေရန်၊ မဲခေါင်ဒေသအတွင်းရှိ နိုင်ငံများအကြား အပြန်အလှန်နားလည်မှု တိုးတက်လာစေရန် ရည်ရွယ်၍ ခရီးစဉ်ကို ဇန်နဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ သွားရောက်ကြမည် ဖြစ်သည်။

တိုင်းရင်းသားရေးရာယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ် ပထမအကြိမ်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ လာအို ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပခဲ့ပြီး ဒုတိယဝန်ကြီး ဦးဇော်အေးမောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ သွားရောက်ခဲ့သည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၂) ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် တီးတိန်မြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့နှင့် မိုင်းယန်းမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီနှင့် ကျောက်မဲမြို့နှင့် လွိုင်လင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# နေပြည်တော်ဒေသအတွင်း ထွက်ရှိသော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ကြမ်းများအား တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်သွားမည်

**လယ်ဝေး ဇန်နဝါရီ ၁၈**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အေလာကျေးရွာအုပ်စု စိုက်ပျိုးရေး အသိပညာပေးရေးစင်တာတွင် ဇန်နဝါရီ ၁၇ ရက်က နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးဇေယျာလင်းနှင့်အေလာကျေးရွာအုပ်စုမှ အသေးစားစက်မှုလုပ်ငန်း ရှင်များနှင့် အသေးစားအိမ်တွင်းလက်မှုပညာ သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံပွဲ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက အမှာစကားပြောကြားရာတွင် နေပြည်တော်ဒေသအတွင်း ထွက်ရှိသော စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ကြမ်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်၍ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု (One Village၊ One Product) အသွင် ဖော်ဆောင်နိုင်ရန်ဖြစ်ပါကြောင်း၊ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် အားထည့်ကြိုးပမ်းလုပ်ဆောင်နေကြောင်း၊ သီးနှံများကို တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် အတွက် လိုအပ်သည့် နည်းပညာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ပါကြောင်း၊ ယနေ့လာရောက်ခြင်းသည် မိမိတို့ဒေသတွင်း၌ပင် အလုပ်အကိုင် အခွင့်အလမ်းကောင်းများကို ဖန်တီးပေးနိုင်ရန် ရည်ရွယ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်မိုးမိုးအေးက ဒေသထွက် ကုန်ကြမ်းများကို အခြေခံပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်လာနိုင်ရန်အတွက် နည်းပညာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးနေသည့် အစီအမံများ၊ ဈေးကွက်အနေဖြင့် City Mart ၊ Naypyitaw Wholesale နှင့် S&A Distribution တို့နှင့် ချိတ်ဆက် ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ အသေးစားလုပ်ငန်းများ၊ မှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ရရှိလာမည့် အကျိုးကျေးဇူးများအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆောင်က ဒေသဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြကာ အဖွဲ့ဝင် ဦးဝင်းအောင်က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထုတ်လုပ်နိုင်မည့် ကုန်ပစ္စည်းများအကြောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသည့် အသေးစား စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် ကျေးရွာများမှ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် သဲကောကြီးကျေးရွာရှိ ဖူးစားပြောင်း၊ ငရုတ်၊ မြေပဲ၊ ပန်းမုန်လာနှင့် ဟင်းသီးဟင်းရွက် စိုက်ခင်းများအား ကြည့်ရှုအားပေးကာ ဒေသခံတောင်သူများ၏ အခက်အခဲနှင့် လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး လဟယ်မြို့နယ်ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ



**လဟယ် ဇန်နဝါရီ ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် စစ်ကိုင်းတိုင်းဒေသကြီး လဟယ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီတွင် လဟယ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ဒေသနှင့်ကိုက်ညီသော စပါးမျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်နှင့် တစ်သီးစားမှ နှစ်သီးစားသို့ ပိုမိုစိုက်ပျိုးရေးအတွက် နည်းပညာများကို ကျေးလက်ဒေသရှိတောင်သူများထံ ဝန်ထမ်းများက ကျယ်ကျယ်ပြန့်ပြန့် ဟောပြောစည်းရုံး ဆောင်ရွက်သွားရန်နှင့် နှစ်ရှည်သီးနှံများ စိုက်ပျိုးရာတွင်လည်း နိုင်ငံတကာရောင်းတန်းဝင်သည့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးကြရန်၊ ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မော်လမြိုင် ပညာရေးဒီဂရီကောလိပ်၌ ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၁၈**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ် ပညာရေးစုံညီပွဲတော်နှင့်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက်က ပညာရေးဒီဂရီကောလိပ် ပညာညီလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက မော်လမြိုင် ပညာရေးဒီဂရီကောလိပ်အနေဖြင့် မွန်ပြည်နယ်၏တစ်ခုတည်းသော အားထားရာ ဆရာအတတ်ပညာ ဌာနတစ်ခုဖြစ်သည်နှင့်အညီ အနာဂတ်လူသားအရင်းအမြစ်များ မှန်ကန်စွာ ပြုစုပျိုးထောင်ပေးနိုင်မည့် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ဗလငါးတန်ပြည့်ဝသည့် ဆရာကောင်း၊ ဆရာမွန်၊ ထူးချွန်ဆရာများ အောင်မြင်စွာ မွေးထုတ် လေ့ကျင့်ပေးလျက်ရှိကြောင်း ပြောကြားသည်။



ယင်းနောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ထူးချွန်ဆုရကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ဂုဏ်ပြုဆုများ ချီးမြှင့်ပြီး ပြည်နယ်အစိုးရအဖွဲ့က ချီးမြှင့်သည့် ငွေကျပ် ၁၀ သိန်းကိုပေးအပ်ရာ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါ်ဝင်းသိင်္ဂီကျော်က လက်ခံရယူသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဝင်းအတွင်း ခင်းကျင်းပြသထားသောပညာရေးပြခန်းများနှင့် နိဗ္ဗာန်ဈေးပွဲတော်များကိုလှည့်လည်ကြည့်ရှုအားပေးသည်။ (ဝဲပုံ) စည်သူ(ပြန်/ဆက်)

# စလင်းမြို့၌ စားသုံးသူကာကွယ်ရေးပညာပေးဟောပြော

**စလင်း ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၈ ရက်က ကူတိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံ ဦးဆန်းလင်းမောင်က ကုန်ပစ္စည်းများ ဝယ်ယူအသုံးပြုရာတွင် သတိပြုရမည့် ကုန်စည်တံဆိပ်အမှတ်အသား၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်း၊ ထုတ်လုပ်ရက်စွဲ၊ သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ ထုတ်လုပ်မှုအမှတ်စဉ်၊ တင်သွင်းသူ၏ အမည်နှင့် လိပ်စာ၊ ထုတ်လုပ်သည့်နေရာ(သို့)ပြည်ပမှ ကုန်ကြမ်းများတင်သွင်းပြီး ပြန်လည်ထုပ်ပိုးသည့်နေရာ၊ ပါဝင်သော ကုန်ကြမ်းပစ္စည်းအမျိုးအမည်၊ ပမာဏ၊ ပါဝင်မှုအချိုးအစား၊ ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး(သို့) ဓာတ်မတည့်ကြောင်း ဖော်ပြချက်၊ ကြိုတင်သတိပေးချက်နှင့် သက်ဆိုင်ရာ အစိုးရဌာနများ၏ ဖော်ပြရန်သတ်မှတ်ထားသော အချက်အလက်များ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ ဥပဒေပုဒ်မများအကြောင်းကို ဆွေးနွေးဟောပြောသည်။

ထို့နောက် ကူတိုကျေးရွာအလယ်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံက ပြန်လည်ဖြေကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးရဲတင့် အသိပညာပေးခြင်း၊ ပြန်ကြားပေးခြင်းလုပ်ငန်းများ ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြရန် မှာကြား

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ် တုံတာမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထို့နောက် တုံတာမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော် ကျင်းပရန် စီစဉ်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ပညာရေးဖွံ့ဖြိုးမှုဆိုင်ရာများ ဆွေးနွေးမှာကြားကာ စုံညီပွဲတော်အတွက် အလှူငွေပေးအပ်သည်။

ယင်းနောက် မိုင်းပျဉ်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ကို ရောက်ရှိကာ ဝန်ထမ်းများအား တွေ့ဆုံပြီး မိုင်းပျဉ်းမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် ကွန်ဟိန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးနှင့် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံကာ ကွန်ဟိန်းမြို့နယ် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ခိုလမ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် နမ့်စန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတို့ကို ဝင်ရောက်ကြည့်ရှုပြီး ဝန်ထမ်းများအား လုပ်ငန်းဆိုင်ရာများနှင့် အသိပညာပေးခြင်း၊ ပြန်ကြားပေးခြင်းလုပ်ငန်းများ ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ယနေ့ နံနက်ပိုင်းတွင် လွိုင်လင်မြို့ အမှတ်(၁)အခြေခံပညာကျောင်း နဝဒေးခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သော လူငယ်အသိပညာပေး ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးတို့နှင့်အတူ မြို့ပေါ်ရှိ အ.ထ.က၊ အ.လ.ကများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ အ.ထ.က(၁)နှင့် အ.ထ.က(၂) တို့မှ ဆရာ ဆရာမများနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်က ပညာရေးကဏ္ဍကို အလေးထား ဖြည့်ဆည်းအားပေး ဆောင်ရွက်နေကြောင်း၊ KG+9 အထိပြီးမြောက်အောင် သင်ကြားနိုင်ရေးနှင့် အချိန်မတိုင်မီ ကျောင်းထွက်မှုများ လျော့နည်းကျဆင်းအောင် ကြိုးစားကြရန်လိုကြောင်း၊ နိုင်ငံတော် အကြီးအကဲကလည်း ပညာရေးနှင့်ပတ်သက်၍ လူငယ်များ စာတတ်၊ အတန်းအောင်ရုံသာမက အသိပညာ၊ အတတ်ပညာ ဗဟုသုတကြွယ်ဝပြီး စဉ်းစားတွေးခေါ်နိုင်စွမ်း ရှိသည့် ဗလငါးတန်ပြည့်ဝသော လူငယ်များဖြစ်စေရေး ပြုစုပျိုးထောင်ပေးကြရန် အမြဲတိုက်တွန်းမှာကြားနေကြောင်း၊ မိဘဆရာ ပူးပေါင်းကလေးပညာကောင်း ဆိုသည့် စကားနှင့်အညီ အားလုံးပူးပေါင်းပြီး ထူးချွန်ထက်မြက်သော လူငယ်များ မွေးထုတ်ပေးနိုင်ကြပါရန် မှာကြားသည်။

**အားကစားအထောက်အကူပြုပစ္စည်းများပေးအပ်**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ညိုညိုခင်တို့က ကျောင်းသားလူငယ်များအတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ပံ့ပိုးပေးသော အားကစားအထောက်အကူပြုပစ္စည်းများကို လွှဲပြောင်းပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ရောက်ရှိပြီး လူထုအခြေပြုဗဟိုဌာနအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဦးစီးမှူးနှင့် ပြည်နယ်ဝန်ထမ်းများ၊ ခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဟိုပုံးခရိုင်နှင့် မက်မန်းခရိုင်တို့မှ ခရိုင်ဦးစီးမှူးများ၊ ညောင်ရွှေမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ကျောက်တလုံးကြီးမြို့တို့မှ ဦးစီးမှူးများ၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ ဇုန်နယ် တာဝန်ခံများနှင့် ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး) တို့မှ တာဝန်ခံများနှင့်တွေ့ဆုံ၍ **(ဝဲအပေါ်ပုံ)** လုပ်ငန်းဆိုင်ရာများနှင့် ဝန်ထမ်းရေးရာကိစ္စများ မှာကြားခဲ့သည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ဝဇီရာနန္ဒသုဗောဓာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မြို့တော်ဦးကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ မြို့မပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အရိယာမဂ္ဂင်ကျောင်းတိုက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ ကံသာကျောင်းတိုက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ နိကာယ်ပရိယတ္တိစာသင်တိုက်၊ သာကေတမြို့နယ်ရှိ သုစိတ္တာလင်္ကာရ ပရိယတ္တိစာသင်တိုက်နှင့် အင်းစိန်မြို့နယ်ရှိ မင်္ဂလာသီရိပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ အာသောကာရုံကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ မြင်းဝန်မင်းကြီးကျောင်းတိုက်နှင့် အမရပူရမြို့နယ်ရှိ ပိဋကတ်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ဓမ္မစရိယတက္ကသိုလ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ မြသိန်းတန်ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မေတ္တာ ပရိယတ္တိစာသင်တိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် သီတဂူရေအလှူတော် အမှတ် (၁) စက်ရုံနှင့် ရေလှောင်ကန်များအား သွားရောက်ကြည့်ရှုစစ်ဆေး

**မုံရွာ ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၈ ရက်က စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တ အရှင်ဉာဏိဿရ ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။



ဆက်လက်ပြီး သီတဂူဆရာတော်ကြီး၊ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတောင်ရိုးနှင့် မင်းဝံတောင်ရိုးရှိ ဘုန်းတော်ကြီးကျောင်းနှင့်သီလရှင်ကျောင်းများအတွက် သောက်သုံးရေပေးဝေလျက်ရှိသည့် သီတဂူရေအလှူတော် အမှတ် (၁) ရေတင်စက်ရုံသို့ရောက်ရှိရာ ဧရာဝတီမြစ်မှ ရေတင်စက်ကြီးများဖြင့် ရေတင်နေမှုအား ကြည့်ရှုစစ်ဆေးပြီး သောက်သုံးရေလုံလောက်စွာပေးဝေရေး၊ သန့်ရှင်းပြီး ကျန်းမာရေး ကန့်သတ်ချက်များနှင့် ကိုက်ညီသည့် သောက်သုံးရေ ရရှိစေရေးတို့အတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး ရှင်ပင်နံကိုင်းတောင်ပေါ်ရှိ ရေဂါလန် ၁၅၀၀၀၀ နှင့် ရေဂါလန် ၅၀၀၀၀ ဆံ့ သီတဂူရေအလှူတော် အမှတ် (၄) ရေကန်တို့အား သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ စစ်ကိုင်းတောင်ရိုးရှိ သီတဂူ ရေအလှူတော်သည် ဧရာဝတီမြစ်မှရေကို မြင်းကောင်ရေ ၇၅ ကောင်အားရှိ ရေတင်စက် ၂၂ လုံးဖြင့် ရေလှောင်ကန် ၂၃ ကန်သို့ ရေတင်ပို့ကာ တစ်နေ့လျှင် ရေဂါလန်ပေါင်း ၁၅ သိန်းအား စစ်ကိုင်းတောင်ရိုး၊ မင်းဝံတောင်ရိုးတို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်း ၁၃၄၄ ကျောင်း ဆရာတော်၊ သံဃာတော်၊ သီလရှင်နှင့် တရားအားထုတ်သူ စုစုပေါင်း ၁၆၈၅၉ ဦးအတွက် နေ့စဉ်သောက်သုံးရေ ပေးဝေလျက်ရှိသည်။

ထို့နောက် သီတဂူဆရာတော်ကြီး၊ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ သံဃာတော် အပါး ၄၈၀ စာသင်ကြားလျက်ရှိသည့် မြစကြာစာသင်တိုက် မဟာနာယကဆရာတော် ဘဒ္ဒန္တ ဣန္ဒကာဘိဝံသ သက်တော်(၅၈)နှစ်၊ သိက္ခာတော် (၃၈) ဝါ ရုပ်ကလာပ်တော်ထားရှိသည့်နေရာသို့ ရောက်ရှိရာ သီတဂူဆရာတော်ကြီးက အန္တိမအဂ္ဂိဈာပန အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများအား မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်ကိုင်းတောင်ရိုး မြစကြာစာသင်တိုက် မဟာနာယက ဆရာတော် ဘဒ္ဒန္တဣန္ဒကာဘိဝံသ သက်တော်(၅၈)နှစ်၊ သိက္ခာတော် (၃၈)ဝါ အန္တိမအဂ္ဂိဈာပနအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ငွေကျပ်သိန်း ၁၀၀၊ ဆန်အိတ် ၅၀၊ စားသုံးဆီ ပိဿာ ၁၀၀၊ ဒီဇယ်စက်သုံးဆီ နှစ်ပီပါအား ပေးအပ်လှူဒါန်းခဲ့ပြီး ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပဲတီစိမ်းနှင့်နှမ်းစပါးစီမံကိန်းအတွက် ပြည်ထောင်စုအဆင့်လုပ်ငန်းကြီးကြပ်မှုကော်မတီ (၁/၂၀၂၃) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၈**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပဲတီစိမ်းနှင့်နှမ်းစပါးစီမံကိန်းအတွက် ပြည်ထောင်စုအဆင့် လုပ်ငန်းကြီးကြပ်မှုကော်မတီ (၁/၂၀၂၃) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက စီမံကိန်းအောင်မြင်ရေးကြီးကြပ်ရန် "နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲတီစိမ်းနှင့် နှမ်းစပါးစီမံကိန်းအတွက် ပြည်ထောင်စုအဆင့် လုပ်ငန်းကြီးကြပ်မှုကော်မတီ" ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ဖွဲ့စည်းခဲ့ပြီး စီမံချက်ရည်ရွယ်ချက်ခြောက်ချက်၊ စီမံကိန်းမူဘောင် ငါးချက်၊ ဆောင်ရွက်မည့်နည်းလမ်းသုံးရပ်နှင့် လုပ်ငန်းစဉ် ၁၂ ရပ်တို့ချမှတ်၍ ပဲတီစိမ်းနှင့် နှမ်းစပါးသီးနှံကို အထူးပြုဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် လုပ်ငန်းကြီးကြပ်မှုကော်မတီများကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ရန်ပုံငွေစီမံခန့်ခွဲမှုအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေ အမည်ဖြင့် သက်ဆိုင်ရာငွေစာရင်းများသို့ လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း၊ စီမံကိန်းတွင်ပါဝင်သော တောင်သူများအတွက် မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်ဖြင့် ရာသီချိန်မီ စိုက်ပျိုးနိုင်ရေး၊ တောင်သူများအား သွင်းအားစုများ အချိန်ကိုက် အချိုးကျသုံးစွဲနိုင်ရေး အပါအဝင် တစ်ဧကအထွက်နှုန်း တိုးတက်ရန် နည်းပညာပေးလုပ်ငန်းများကို တိုင်းဒေသကြီး လုပ်ငန်းကြီးကြပ်ကွပ်ကဲမှုအောက်မှ ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီး စီမံကိန်းအောင်မြင်ရေး ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီ တွဲဖက်အတွင်းရေးမှူး(၁) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲတီစိမ်းနှင့်နှမ်းစပါး စီမံကိန်းလုပ်ငန်းဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူးများဖြစ်ကြသော အမြဲတမ်းအတွင်းဝန်များနှင့် ကော်မတီဝင်များက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် အစီအမံများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးနှင့် အစည်းအဝေး တက်ရောက်လာကြသူများက လုပ်ငန်းများ အောင်မြင်ရေးအတွက် ဆောင်ရွက်သင့်သည်များကို ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆောင်းပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်ခြင်းကို ရန်ကုန်၊ ပဲခူးနှင့်ဧရာဝတီတိုင်းဒေသကြီး သုံးခုတွင်လည်းကောင်း၊ နှမ်းစပါးသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်းကို နေပြည်တော်၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီး ခုနစ်ခုတို့တွင်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ဆွေးနွေးညှိနှိုင်း သဘောတူညီချက်အရ ပဲတီစိမ်းဧက ၄၈၀၀၀၀ ကျော်နှင့် နှမ်းစပါးဧက ၇၈၀၀၀၀ ကျော် ဆောင်ရွက်မည်ဖြစ်ပြီး သွင်းအားစုကို တောင်သူများ လက်ဝယ်အရောက်ရရှိစေရန်၊ သွင်းအားစု ကာလပေါက်ဈေး အောက် ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်း လျှော့ချရောင်းချနိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ ပူးပေါင်းကြီးကြပ်၍ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်းနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။

စီမံကိန်းလုပ်ငန်းများ စိုက်ပျိုးရာသီ အချိန်မီဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးများ၌ မြို့နယ်လုပ်ငန်းကြီးကြပ်မှုကော်မတီများနှင့် တောင်သူအစုအဖွဲ့များ စာချုပ်ချုပ်ဆိုခြင်းလုပ်ငန်းများ၊ တိုင်းဒေသကြီး လုပ်ငန်းကြီးကြပ်မှုကော်မတီများနှင့် ဝယ်ယူကြိတ်ခွဲတင်ပို့သူအစုအဖွဲ့တို့၏ စာချုပ်ချုပ်ဆိုခြင်းလုပ်ငန်းများ၊ တိုင်းဒေသကြီးလုပ်ငန်းကြီးကြပ်မှုကော်မတီများနှင့် သွင်းအားစုရောင်းချသူတို့ စာချုပ်ချုပ်ဆိုခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး သွင်းအားစုများ တောင်သူလက်ဝယ်အရောက်ရရှိရေး ဖြန့်ဖြူးဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မွေးမြူရေးဇုန်တစ်ခု အကောင်အထည်ဖော်ရန် လုပ်ငန်းရှင်များ ဖိတ်ခေါ်

မကွေး ဇန်နဝါရီ ၁၈

**မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၇ ရက်က မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က စိုက်ပျိုးရေးကဏ္ဍအနေဖြင့် မကွေးတိုင်းဒေသကြီးမှာ လက်ရှိဆန်ဖူလုံမှု ၇၀ ရာခိုင်နှုန်းသာရှိသည့်အတွက် ၁၀၀ ရာခိုင်နှုန်းဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၏ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အသား၊ နို့၊ ဥနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးတို့အတွက် မွေးမြူရေးဇုန်တစ်ခုကို ပွင့်ဖြူမြို့နယ် ပြည်လုံးကျော်ကျေးရွာအုပ်စုရှိ နိုင်ငံတော်ပိုင်မြေ ၂၈၃ ဧကအနက် ၂၄၂ ဒသမ ၃ ဧကတွင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည့်အတွက် လုပ်ငန်းရှင်များ ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြေအသုံးပြုခွင့်ရရှိရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ခွင့်ပြုချက်ရရှိပါက လုပ်ငန်းအမြန်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး (ရေ၊ မီး၊ လမ်းရရှိရေး) သက်ဆိုင်ရာဌာနများမှ ပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနများအနေဖြင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များဖြစ်သော တမာစိုက်ပျိုးခြင်း၊ ဝါးစိုက်ပျိုးခြင်း၊ ကျေးရွာထင်းစိုက်ခင်းများ စိုက်ပျိုးခြင်းလုပ်ငန်းများကို အောင်မြင်အောင် အလေးထားဆောင်ရွက်သွားရန်၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ အသက်ငါးနှစ်မှ ၁၂ နှစ်အတွင်း ကျောင်းသားကျောင်းသူများအား ထပ်ဆောင်း ကိုဗစ်- ၁၉ ကာကွယ်ဆေးကို ဇန်နဝါရီ ၁ ရက်မှ စတင်ထိုးနှံပေးလျက်ရှိကြောင်း၊ မင်းဘူး(စကု)မြို့နယ် ရွှေစက်တော်ဘုရားပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည့်အတွက် ဌာနဆိုင်များက လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်း၊ လာမည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ ဥပဒေနှင့်အညီ မဲပေးနိုင်ရေး၊ မြို့နယ် ၂၀ မှ Server အတွင်း ထည့်သွင်းထားရှိသည့် အိမ်ထောင်စုပေါင်း ၈၉၄၈၄၆ စုကို ပြည့်စုံမှန်ကန်စေရေး ဇန်နဝါရီ ၉ ရက်မှ စတင်ကာ မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးလုပ်ငန်းများ စတင်ကောက်ခံနေပြီဖြစ်ရာ သတ်မှတ်ရက်အတွင်း ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

# ချင်းပြည်နယ်၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း




**ဟားခါး ဇန်နဝါရီ ၁၈**

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၇ ရက်က ဟားခါးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ပြည်ထောင်စုနေ့ အခမ်းအနားကို အနှစ်သာရပြည့်ဝစွာ ကျင်းပနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဆန်းနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအမံများ၊ လိုအပ်ချက်များနှင့် အသုံးစရိတ် တွက်ချက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နယ်မြေခံတပ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစောထွန်းက လုံခြုံရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြပြီး ဆပ်ကော်မတီများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်အကြံပြု တင်ပြကြကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အောင်ကောင်းမာန်၊ စည်သူအောင်နှင့် ငြိမ်းချမ်းအောင်တို့ ထိုင်းကလပ်များတွင် ကစားမည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

မြန်မာဘောလုံးသမားများ ဖြစ်သည့် အောင်ကောင်းမာန်၊ စည်သူအောင်နှင့် ငြိမ်းချမ်းအောင်တို့မှာ ထိုင်းကလပ်များတွင် ကစားမည်ဖြစ်ပြီး အသင်းပြောင်းရွှေ့မှုများ ပြုလုပ်ခဲ့သည်။

ယင်းကစားသမားများအနက် အောင်ကောင်းမာန်နှင့် ငြိမ်းချမ်းအောင်တို့မှာ ထိုင်းကလပ်အသင်းအချင်းချင်း ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး စည်သူအောင်မှာမူ ထိုင်းကလပ်သို့ တစ်ကျော့ပြန် ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။ ထိုင်းလိဂ်-၂ ကလပ် အူဒုံထာနီအသင်းနှင့် စာချုပ်ဖျက်သိမ်းခဲ့သည့် မြန်မာ့လက်ရွေးစင် တိုက်စစ်မှူး အောင်ကောင်းမာန်သည် ထိုင်းလိဂ်-၁ ကလပ် ချောင်ဘူရီအသင်းနှင့် တစ်ရာသီခွဲ စာချုပ်ချုပ်ဆိုခဲ့သည်။ သို့သော် အောင်ကောင်းမာန်သည် ယခုရာသီဝက်တွင် ချောင်ဘူရီအသင်း၌ ကစားခွင့်ရမည်မဟုတ်ဘဲ ထိုင်းလိဂ်-၂ ကလပ် Customs United အသင်းတွင် အငှားသွားရောက်ကစားမည်ဖြစ်သည်။ ပြီးခဲ့သည့်နှစ်တွင် MNL ကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် အမှတ်ပေးချန်ပီယံဆုရခဲ့သည့် တောင်ပံတိုက်စစ်ကစားသမား စည်သူအောင်သည် ထိုင်းလိဂ်-၂ ကလပ် အယုဒ္ဓယယူနိုက်တက်အသင်းတွင် ရာသီဝက်စာချုပ်ဖြင့် သွားရောက်ကစားမည်ဖြစ်သည်။ စည်သူအောင်သည် ၂၀၁၉ ခုနှစ်က ထိုင်းလိဂ်-၁ ကလပ် ချောင်ဘူရီအသင်းတွင် ကစားဖူးပြီး တစ်ရာသီကစားပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခြင်း ဖြစ်သည်။ ထိုင်းလိဂ်-၂ ကလပ် နာခွန်ဆီအသင်းနှင့် စာချုပ်ဖျက်သိမ်းခဲ့သည့် ကွင်းလယ်ကစားသမား ငြိမ်းချမ်းအောင် မှာလည်း ထိုင်းလိဂ်-၃ ကလပ် မြောင်ထရန်ယူနိုက်တက်အသင်းတွင် သွားရောက်ကစားမည်ဖြစ်သည်။

ပြည်ပကလပ်သို့ ပြောင်းရွှေ့ရန် ကြိုးပမ်းခဲ့သည့် မြန်မာဘောလုံးသမား အချို့မှာမူ အပြောင်းအရွှေ့ အဆင်မပြေသဖြင့် ပြည်တွင်းကလပ်များတွင်သာ ဆက်လက်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## ပျဉ်းမနား၊ မြိတ်နှင့် မိုင်းဆတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

နေပြည်တော်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၃ နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်း(၃)ရပ်ကွက် ပေါင်းလောင်း (၁၆) လမ်းရှိ မကြူမိုးသန့်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၁၂၉၁ ပြားနှင့် အိုက်စ် ဝ ဒသမ ၆ ကီလို ကိုလည်းကောင်း၊

ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု မြိတ်တောင်ကျေးရွာ ချမ်းမြေ့သာယာရပ် ချမ်းမြေ့သာယာ(၉)လမ်းနေ မသစ်သစ်ဝေ (ခ) ဒေါ်ပု၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ထိုနေ့ ည ၇ နာရီခွဲတွင် မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု စန္ဒဝတ်ကျေးရွာ မြို့ပတ်(၁)လမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ မဇင်မိုးအိကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ည ၈ နာရီခွဲတွင် မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု ကလွင်ကျေးရွာ တက္ကသိုလ်ရပ် စိမ်းလဲ့သာယာ (၁) လမ်းရှိ ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကိုလည်းကောင်း၊ ယင်းနေ့ညပိုင်းတွင် မိုင်းဆတ်မြို့နယ် မယ်ပုလုံကျေးရွာအုပ်စု ဂျူးလူကျေးရွာအနီး မိုင်းဆတ် - မိုင်းတွမ်းသွား ကားလမ်းမပေါ်တွင် ပတ်ကျုပ်ဘွန်ရှော့(ခ)ကျလွန် ထပ်ကျိုင်း မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# ဩစတြေးလျအိုးပင်းပြိုင်ပွဲမှ ရာဒူကာနူ ထွက်ခွာခဲ့ရ

လက်ရှိကျင်းပနေသည့် ဩစတြေးလျအိုးပင်းပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဒုတိယအဆင့်တွင် ဗြိတိန်နံပါတ်တစ်တင်းနစ်မယ် အမ်မာရာဒူကာနူသည် အမေရိကန်တင်းနစ်မယ် ကိုကိုဂေါ့ဖ်ကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီ ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ရာဒူကာနူသည် ၃-၆၊ ၆-၇ (၄-၇) ဖြင့် နှစ်ပွဲပြတ်ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်း ဖြစ်သည်။ ကမ္ဘာ့အဆင့် (၇၇) ရှိသော ရာဒူကာနူသည် ယခုပြိုင်ပွဲမတိုင်မီတွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သည်။ ယခုပွဲရှုံးနိမ့်မှုကြောင့် ရာဒူကာနူသည် ၂၀၂၁ ခုနှစ်က ယူအက်စ်အိုးပင်းဖလားဆွတ်ခူးနိုင်ခဲ့ပြီးနောက် ဂရင်းဆလမ်းပြိုင်ပွဲ တတိယအဆင့်သို့ တက်ရောက်နိုင်ခြင်းမရှိသည့်မှတ်တမ်းဝင်ခဲ့ပြီ ဖြစ်သည်။

၎င်းသည် ဩစတြေးလျအိုးပင်းပြိုင်ပွဲ ပထမအဆင့်တွင် ဂျာမနီတင်းနစ်မယ် တာမာရာနှင့် တွေ့ဆုံခဲ့ပြီး ၆-၃၊ ၆-၂ ဖြင့် အနိုင်ရရှိခဲ့သည်။ ထို့အပြင် ယခုပွဲစဉ်တွင် အနိုင်ရရှိခဲ့သော ကိုကိုဂေါ့ဖ်သည် တတိယအဆင့်တွင် တရုတ်တင်းနစ်မယ်ရှောင် သို့မဟုတ် အမေရိကန်တင်းနစ်မယ်ပါရာနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဒုတိယအဆင့်တွင် အသက် ၃၆ နှစ်အရွယ် နာမည်ကြီးတင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် အမေရိကန်တင်းနစ်ကစားသမား မက်ကင်ဇီ မက်ဒိုနလ်ကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီဖြစ်သည်။

**အောင်ဇော်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ဆေးထိုးအပ်များ ဆက်လက်ပို့ဆောင်ဖြန့်ဖြူးပေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ် ကြီးများဖြင့် ပို့ဆောင် ဖြန့်ဖြူးပေးလျက်ရှိသည်။


လားရှိုးလေဆိပ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို တာဝန်ရှိသူများက လက်ခံရယူစဉ်။

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေး သိုလှောင်အခန်းတွင်ထားရှိသည့် ဆေးတစ်လုံးလျှင် လူငါးဦး ထိုးနှံနိုင်သော Myancopharm နှင့် Sino-pharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ဆေးထိုးအပ်များကို ရခိုင်ပြည်နယ် စစ်တွေမြို့သို့ Myancopharm ၈၄၅၉ လုံး၊ Sinopharm ၁၀၄၁၆ လုံးနှင့် ဆေးထိုးအပ်များ၊ သံတွဲမြို့သို့ Myancopharm ၃၁၂၇ လုံး၊ Sinopharm ၂၈၇၃ လုံးနှင့် ဆေးထိုးအပ်များ၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ Sino-pharm ၁၁၆၀ နှင့် ဆေးထိုးအပ်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့သို့ Myancopharm ၆၇၈၁ လုံး၊ Sinopharm ၇၀၉၇ လုံးနှင့် ဆေးထိုးအပ်များ၊ ကယားပြည်နယ် လွိုင်ကော်မြို့သို့ Myancopharm ၈၀၄ လုံး၊ Sino-pharm ၈၃၆ လုံးနှင့် ဆေးထိုးအပ်များကို ယနေ့တွင် တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးသည်။

အဆိုပါကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တာဝန်ရှိသူများက လက်ခံခဲ့ကြပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၁၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၃၂၅ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၂၂၈၂၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၃၆၉ ဦး၊ ရခိုင်ပြည်နယ် အမ်းမြို့၌ ကျောင်းသား ကျောင်းသူ ၆၆၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၂၆၂၃၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံ ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်) နှင့် မြစ်ရေယာဉ် (စကု) ညောင်တုန်းမြို့ ဆားမလောက်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ် ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်) နှင့် မြစ်ရေယာဉ် (စကု) တို့သည် ယနေ့တွင် ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၃၁ ဦးကို ယင်းကျေးရွာ၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ စတင်ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၅၅ ဦး၊ ခွဲစိတ်ရောဂါ ၁၂ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၄ ဦး၊ ကလေးရောဂါ ၁၇ ဦး၊ အရိုးရောဂါ ၃၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၃ ဦး၊ မျက်စိရောဂါ ၅၀ နှင့် သွားရောဂါ ၂၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ခုနစ်ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၃ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- ➢ လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အခန်းတွင်း ဝင်ရောက်သည်နှင့် အအေးဓာတ်ရှိနေစေရန် လေအေးပေးစက်များကို နာရီပေါင်းများစွာ ဖွင့်ထားခြင်းက မီတာခများစွာ ကျစေပါမည်။
- ➢ လိုအပ်ချိန်မှ ဖွင့်သင့်ပါသည်။

❑ ကျောဖုံးမှ

ယနေ့ နံနက်၇ နာရီတွင်ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ပြေးခုန်ပစ်ပြိုင်ပွဲ၏ ပထမနေ့ပွဲစဉ်အဖြစ် အမျိုးသား မီတာ ၅၀၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား မီတာ ၂၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲနှင့် အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲများကို ကျင်းပကြရာ အမျိုးသား မီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် မောင်ရဲရင့်အောင် (မန္တလေး) က ပထမ၊ မောင်မျိုးသန့်ဇင် (ရှမ်း) က ဒုတိယ၊ မောင်ကျော်ဇင်ထွန်း (စစ်ကိုင်း) က တတိယရရှိကြပြီး အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် မညီညီမြွေး (တနင်္သာရီ) က ပထမ၊ မဇူလိုင်မိုး (ရှမ်း) က ဒုတိယ၊ မဆုမြင့်မြတ်သူ (မွန်) က တတိယရရှိကြကာ အမျိုးသား မီတာ၂၀၀ အပြေးပြိုင်ပွဲတွင် မောင်အာကာမိုး (မန္တလေး) က ပထမ၊ မောင်အောင်သက်ခိုင် (ပဲခူး) က ဒုတိယ၊ မောင်ထွန်းဝင်းကျော် (တနင်္သာရီ) က တတိယရရှိကြသည်။

အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် မလုလုဆိုင်းရာ (ကချင်) က ပထမ၊ မနန်းဝေဝေကျော် (နေပြည်တော်) က ဒုတိယ၊ မနန်းစုစုထွန်း (ပဲခူး) က တတိယဆုများကို ရရှိကြရာ ပြိုင်ပွဲများ အပြီးတွင် ပညာရေးဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။

အမျိုးသားဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ် အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိကြပြီး နေပြည်တော်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့က တစ်ဂိုးစီဖြင့် သရေကျသည်။ အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B) ရုံ၌ ကျင်းပသည့် အမျိုးသမီး ဘော်လီဘောပွဲစဉ်တွင် ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိကြပြီး အမျိုးသား ဘော်လီဘောပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။


အမျိုးသားဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားစဉ်။

အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ နေပြည်တော်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းမှစတင်ပြီး ပြေးခုန်ပစ် ဒုတိယနေ့ ပြိုင်ပွဲများနှင့် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း (အမျိုးသား၊ အမျိုးသမီး) အုပ်စုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဆွီဒင်သဘာဝပတ်ဝန်းကျင်လှုပ်ရှားတက်ကြွသူ ဂရီတာသွန်းဘာ့ဂ်ျ ဆန္ဒပြပွဲတွင် ဖမ်းဆီးထိန်းသိမ်းခံရ



**ဘာလင် ဇန်နဝါရီ ၁၈**

ဆွီဒင်သဘာဝပတ်ဝန်းကျင်လှုပ်ရှားတက်ကြွသူ ဂရီတာသွန်းဘာ့ဂ်ျကို ဇန်နဝါရီ ၁၇ ရက်က ဂျာမနီနိုင်ငံ အနောက်ပိုင်း ဆန္ဒပြပွဲတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ သို့သော်လည်း ယင်းနေ့နောက်ပိုင်းတွင် သူ့ကို ပြန်လည်လွှတ်ပေးခဲ့သည်။

သွန်းဘာ့ဂ်ျသည် မိုင်းတွင်းနေရာတိုးချဲ့မှုနှင့်ပတ်သက်ပြီး ဂျာမနီနိုင်ငံအနောက်ပိုင်းရှိ လုဇာရက်ရွာကလေးကို ဖျက်သိမ်းမည့်အပေါ် ဆန့်ကျင်ဆန္ဒပြမှုတွင် ပါဝင်ခဲ့သည်။ မိုင်းတွင်းနေရာတိုးချဲ့မှုလုပ်ဆောင်နေသည့်နေရာတွင် ဆန္ဒပြသူများ စုဝေးခဲ့ကြသည်။ ဆန္ဒပြသူများသည် ဇန်နဝါရီ ၁၇ ရက်က အထိုင်သပိတ်ဆင်နွှဲခဲ့ကြသည်။ ဆန္ဒပြသူများ အန္တရာယ်ဇုန်အတွင်းသို့ မဝင်ရောက်နိုင်ရန် ရဲများက ၎င်းတို့ကို စတင်ဖယ်ရှားခဲ့သည်။ သွန်းဘာ့ဂ်ျသည်လည်း ရဲအရာရှိသုံးဦး၏ ဆွဲခေါ်ခြင်းကို ခံခဲ့ရသည်။ ဂျာမန်အစိုးရသည် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများကို တိုးချဲ့တည်ဆောက်လျက်ရှိသည်။

အဆိုပါဆောင်ရွက်မှုကို သဘာဝပတ်ဝန်းကျင်အုပ်စုနှင့် အခြားအဖွဲ့အစည်းများက ပြစ်တင်ဝေဖန်မှုများ ပြုလုပ်လျက်ရှိသည်။ ထိုသို့တိုးချဲ့ခြင်းသည် ရာသီဥတုပြောင်းလဲမှုကို သက်ရောက်စေနိုင်ကြောင်း ၎င်းတို့က ပြောဆိုလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



## ကမ္ဘာ့အသက်အကြီးဆုံး ပြင်သစ်သီလရှင် အသက် ၁၁၈ နှစ်တွင် သေဆုံး

**ပါရီ ဇန်နဝါရီ ၁၈**

ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးကြီးအဖြစ် အသိအမှတ်ပြုခံထားရသည့် ပြင်သစ်သီလရှင် အမျိုးသမီးကြီးမှာ အသက် ၁၁၈ နှစ်တွင် ကွယ်လွန်သွားပြီဖြစ်သည်။ လူစီရယ်ရန်ဒန်မှာ ၁၉၀၄ ခုနှစ်တွင် မွေးဖွားခဲ့သည်ဟု ဂင်းနက်စ်ကမ္ဘာ့စံချိန်မှတ်တမ်းအရ သိရသည်။

ကျောင်းဆရာမတစ်ဦးအဖြစ် အလုပ်လုပ်ကိုင်ခဲ့ပြီးနောက် ၁၉၄၄ ခုနှစ်တွင် ၎င်းသည် ကက်သလစ် သီလရှင်ဖြစ်လာခဲ့သည်။ ထို့နောက် စစ်စတာအန်ဒရီဟု အမည်ယူခဲ့သည်။ ထိုအချိန်မှစ၍ ၎င်း၏ ဘဝအချိန်အတော်များများကို ဘာသာရေးလုပ်ငန်းအတွက် သာ နှစ်မြှုပ်ထားခဲ့သည်။ ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် ၎င်းအသက် ၁၁၆ နှစ်ရှိပြီး ရန်ဒန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့သည်။ သို့သော်လည်း သုံးပတ်အကြာတွင် ရောဂါမှ ပြန်လည် သက်သာလာခဲ့သည်။

အသက်အကြီးဆုံးအဖြစ် အသိအမှတ်ပြုခံထားရသည့် ဂျပန်အမျိုးသမီး တာနာကာ ကာနီ သေဆုံးသွားပြီးနောက် ပြီးခဲ့သည့်နှစ်နွေရာသီက ကမ္ဘာပေါ်တွင် သက်ရှိထင်ရှားရှိသည့် ပုဂ္ဂိုလ်များထဲမှ အသက်အကြီးဆုံးအဖြစ် လူစီရယ်ရန်ဒန်ကို အသိအမှတ်ပြုခဲ့သည်။ ၎င်းမှာ ပြင်သစ်နိုင်ငံတောင်ပိုင်း ရိုပ်သာ၌ ဇန်နဝါရီ ၁၇ ရက်က သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်မီဒီယာများတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

## အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း၌ နှင်းထူထပ်စွာ ကျဆင်း၊ အအေးလွန်ကဲမှုကြောင့် ၂၅ ဦးသေဆုံး

**ရှီဘာဂန် ဇန်နဝါရီ ၁၈**

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ဂျောဇန်ပြည်နယ်နှင့် ဆာရီပူးလ် ပြည်နယ်တို့၌ နှင်းထူထပ်စွာ ကျဆင်းခြင်းနှင့် အအေးလွန်ကဲမှုကြောင့် လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း ကလေးငယ်များနှင့် အမျိုးသမီးများအပါအဝင် ၂၅ ဦးထက်မနည်း သေဆုံးမှုဖြစ်ပွားကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၁၈ ရက်တွင် ပြောသည်။

လွန်ခဲ့သည့် နှစ်ရက်အတွင်း ဂျောဇန်ပြည်နယ်၏ ခါမက်၊ ခါနာကာနှင့် အက်ချာခရိုင်တို့၌ နှင်းထူထပ်စွာ ကျဆင်းခြင်းနှင့် အအေး လွန်ကဲမှုတို့ကြောင့် ကလေးငယ် လေးဦး၊ အမျိုးသမီးငါးဦးအပါအဝင် စုစုပေါင်း ၁၈ ဦး သေဆုံးကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အက်ဒူလ်ဆာတာဟာလီမီက သတင်းထောက်များကို ပြောသည်။

အလားတူ ဆာရီပူးလ်ပြည်နယ်တွင်လည်း အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် ခုနစ်ဦးသေဆုံးကြောင်း ပြည်နယ် အုပ်ချုပ်ရေးအရာရှိ ဆေယက်ဒ်ဆာဖာတူလာဆာဝန်က အတည်ပြုပြောသည်။ အအေးလွန်ကဲပြီး နှင်းသိပ်သည်းစွာ ကျဆင်းမှု အာဖဂန်နစ္စတန်နိုင်ငံ နေရာအနှံ့ အပြားတွင် ဖြစ်ပွားခဲ့ပြီး လွန်ခဲ့သည့် သီတင်းပတ်အတွင်း ဒေသအချို့တွင် အပူချိန်သည် အနုတ် ၃၀ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရှိခဲ့သည်ဟု သိရသည်။

ထို့ကြောင့် ကွန်ဒူဇ်၊ ဖာယက်၊ ဘက်ဟစ်၊ ဂျောဇန်နှင့် ဆာရီပူးလ် ပြည်နယ်တို့၌ အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် ၆၀ ကျော် အသက်ဆုံးရှုံးခဲ့ပြီး ကျွဲနွား တိရစ္ဆာန် ထောင်ပေါင်းများစွာလည်း သေဆုံးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



## သီရိလင်္ကာနိုင်ငံ၌ အုန်းသီးထုတ်လုပ်မှု ၇ ရာခိုင်နှုန်းကို တိရစ္ဆာန်များက ဖျက်ဆီးပစ်ခဲ့ဟုဆို



**ကိုလံဘို ဇန်နဝါရီ ၁၈**

သီရိလင်္ကာနိုင်ငံ၌ ၂၀၂၂ ခုနှစ်တွင် အုန်းသီး သန်း ၂၀၀ ခန့် သို့မဟုတ် နိုင်ငံ၏ အုန်းသီးထုတ်လုပ်မှု ၇ ရာခိုင်နှုန်းကို တိရစ္ဆာန်များက ဖျက်ဆီးပစ်ခဲ့ကြောင်း သီရိလင်္ကာစိုက်ပျိုးရေးဝန်ကြီးက ဇန်နဝါရီ ၁၈ ရက်တွင် ပြောသည်။ ပျက်စီးဆုံးရှုံးမှုပမာဏအများဆုံးမှာ မျောက်များနှင့် ရှဉ့်များကြောင့်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောသည်။

စိုက်ပျိုးရေးဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းတစ်ခုမှ ပြုလုပ်သော လေ့လာမှုတစ်ခုအတွင်း ၎င်းကို တွေ့ရှိခြင်းဖြစ်ကြောင်း သိရသည်။ သီရိလင်္ကာနိုင်ငံသည် နှစ်စဉ်အုန်းသီးခူးဆွတ်ချိန်တွင် ၂ ဒသမ ၅ ဘီလီယံမှ ၃ ဘီလီယံကြားရှိကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောသည်။

**ဆင်ဟွာ**

## အင်ဒိုနီးရှားနိုင်ငံ၌ ပြင်းအား ၇ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်

**ဂျကာတာ ဇန်နဝါရီ ၁၈**

အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်းရှိ မြောက်ဆူလာဝေစီပြည်နယ်၌ ဇန်နဝါရီ ၁၈ ရက်က ပြင်းအား ၇ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး အပျက်အစီးများနှင့် သေဆုံးသူစာရင်းကို မသိရသေးကြောင်း မိုးလေဝသအေဂျင်စီက ပြောသည်။ အဆိုပါငလျင်မှာ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၆ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး တလေ့ာကျွန်းခရိုင်၏ ခရိုင်ခွဲဖြစ်သော မယ်လွန်ဂွင်း၏ အရှေ့တောင်ဘက်ကို ဗဟိုပြုကာ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိဗေဒအေဂျင်စီက ပြောသည်။

ငလျင်လှုပ်ခတ်မှု၏ သက်ရောက်မှုများကို အိမ်နီးချင်းပြည်နယ်များဖြစ်သည့် မြောက်မာလူကူနှင့် ဂိုရွန်တာလိုပြည်နယ်တို့တွင်လည်း ခံစားရကြောင်း အဆိုပါအေဂျင်စီက ပြောသည်။ ငလျင်လှုပ်ခတ်မှုကို ပြည်နယ်အတွင်း ဒေသခံများ ခံစားခဲ့ရသော်လည်း အလွန်အမင်း ကြောက်ရွံ့မှုမဖြစ်ပေါ်ခဲ့ဟု မြောက်ဆူလာဝေစီပြည်နယ် သဘာဝဘေးစီမံခန့်ခွဲမှုနှင့် ဘေးအန္တရာယ်လျော့ပါးရေးအေဂျင်စီမှ အကြီးအကဲ ဂျိုင်းအိုယိုက ပြောသည်။

ဒေသခံများတွင် သေဆုံးမှုနှင့် ဒဏ်ရာရရှိသူများ ရှိမရှိ မသိရသေးကြောင်း ၎င်းက ဆင်ဟွာသို့ ဖုန်းဖြင့် ပြောသည်။ အချို့သောသူများမှာ နေအိမ်နှင့် အဆောက်အအုံအပြင်ဘက်သို့ ထွက်လာကြသည်။

ပြည်နယ်မြို့တော် မာနာဒိုတွင် အခြေအနေများမှာ လုံခြုံစိတ်ချရသည်။ သို့သော်လည်း ပြည်နယ်အခြားသော အစိတ်အပိုင်းများတွင် အခြေအနေကောင်းမွန်ခြင်း ရှိ မရှိ စစ်ဆေးနေဆဲဖြစ်သည်။

**ဆင်ဟွာ**

# ဘားအံမြို့အဝင် (မော်လမြိုင်) ဘက်ခြမ်း လမ်းဆုံအဝိုင်းတည်ဆောက်ခြင်းလုပ်ငန်း ၇၅ ရာခိုင်နှုန်းပြီးစီး

**နေပြည်တော် ဇန်နဝါရီ ၁၈**

ကရင်ပြည်နယ်သည် သဘာဝအခြေခံ လည်ပတ်စရာ နေရာများပေါများပြီး ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်ရာ ခရီးသွားမြို့တော် ဖြစ်သည့်အတွက် ဘားအံမြို့အား ခမ်းနားထည်ဝါသည့် မြို့တော်အင်္ဂါရပ်နှင့်အညီ ဖြစ်စေရန်ရည်ရွယ်၍ ပြည်နယ်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုအရ ဘားအံမြို့အဝင် (မော်လမြိုင်) ဘက်ခြမ်း လမ်းဆုံအဝိုင်းကို တည်ဆောက်လျက်ရှိရာ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အခု တည်ဆောက်နေတဲ့ လမ်းဆုံအဝိုင်းက ဘားအံမြို့တွင်းလမ်း၊ ဘားအံမြို့ရှောင်လမ်း၊ သံလွင်တံတားနဲ့ မော်လမြိုင်မြို့ကို သွားတဲ့လမ်းဆုံမှာ ဖြစ်ပါတယ်။ လမ်းဆုံအဝိုင်းက အဝိုင်းအကျယ်ပေ ၁၂၀ နဲ့ ရင်ပြင်အကျယ် ပေ ၈၀ ရှိပါတယ်။ အဝိုင်းအတွင်းမှာ ဆင်ဖြူတော်လေးကောင်နဲ့ ဖားစည်ပါရှိပါတယ်။ ပေ ၈၀ ရှိတဲ့ ဖားစည်ကို အမြင့်ပေ ၁၂ ပေရှိတဲ့ ဆင်ဖြူတော်လေးကောင်နဲ့ ဝန်းရံထားပါတယ်။ ဒါ့အပြင်အဝိုင်းရင်ပြင်ပေါ်တက်ဖို့ ပေ ၂၀ အကျယ်ရှိတဲ့ လှေကားလေးခုလည်း ပါဝင်ပါတယ်။ ရင်ပြင်ကို ကြွေပြားအရောင်ခွဲပြီး အလှဆင် ခင်းထားပါတယ်။ Double Arm နှစ်ဖက်လင်းမီးတိုင် ၁၂ တိုင်၊ ဆလိုက်မီးလုံးကြီး ရှစ်လုံး၊ ရောင်စုံမီး ရှစ်လုံးနဲ့ အလှဆင်ထားပါတယ်။ အဝိုင်းပတ်လည်မှာ မြေယာရှုခင်း ပန်းအလှပင်များကို အဆင့် နှစ်ဆင့် စိုက်ပျိုးထားပြီး လှေကားအဝင်မှာ ပန်းအိုး ၂၄ အိုး ထားရှိပါတယ်။ အဝိုင်းပတ်လည်မှာ ငါးပေအကျယ် လူသွားစင်္ကြံလျှောက်လမ်း ပါဝင်ပါတယ်" ဟု ပြည်နယ်စည်ပင်သာယာအဖွဲ့ ညွှန်ကြားရေးမှူး သူရဦးမြင့်သူက ပြောသည်။



လမ်းဆုံအဝိုင်းပုံစံကို တွေ့ရစဉ်။

အဆိုပါ လမ်းဆုံအဝိုင်းကို ပြည်နယ် အထွေထွေရန်ပုံငွေ ကျပ်သန်း ၂၅၀ အကုန်အကျခံ၍ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့က စတင်တာဝန်ယူ တည်ဆောက်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နိပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်မှ "မင်းကုသနှင့် ပပဝတီ" ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၁၈**

မိဘပြည်သူများ ဇာတ်သဘင် ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များ အကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတ ရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် "နိပါတ်တော်လာ ဇာတ်သဘင်မဟာ အစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှစတင်၍ အပတ်စဉ် စနေနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။





အဆိုပါအစီအစဉ်မှ **"မင်းကုသနှင့် ပပဝတီ" ဇာတ်တော်** ကို သဘင်ပညာရှင် ပတ္တမြားကေခိုင် စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရှာစား ဝါးခယ်မ စိန်မုန့်လုံး၏ တီးခတ်မှု ပဲပုပ်စိန်၊ နန်းခင်မွေး၊ ဆန်းနေအောင်၊ ပေါက်မဲတို့နှင့် အတူ သဘင်အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၁ ရက် (စနေနေ့) ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး ဇန်နဝါရီ ၂၅ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီခွဲတွင်လည်း ပြန်လည် ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## "Forward Band" ဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ် ဆန်းသစ်မှုအဖြစ် "Forward Band" ဖျော်ဖြေပွဲကို ဇန်နဝါရီ ၂၀ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် "Forward Band" အဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များ ဖြစ်ကြသည့် ဆိုတေး၊ သာထူးဇော်၊ ထက်ကောင်းကင်၊ သွန်း၊ ရွှန်းလဲ့မေ၊ သွန်းရတီ၊ နန်းမြင့်မိုရ်၊ ဝတ်ရည်နှင့် သက်ထက်စံ တို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်ပြီး ထိုသို့တင်ဆက်မှုကို ဇန်နဝါရီ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပင်းတယ၌ ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ပင်းတယ ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုများ လျှော့ချနိုင်ရေးနှင့်တရားမဝင် ဓာတ်အားသုံးစွဲမှုများ မရှိစေရေးအတွက် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက စတင်ကာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇေယျာထွန်းနှင့် ဝန်ထမ်းများသည် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် မီတာစစ်ဆေးခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများကလျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုများ လျှော့ချနိုင်ရေးအတွက် ပင်းတယမြို့ ရပ်ကွက် (၁၃) ရပ်ကွက်နှင့် ကျေးရွာများတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေးနှင့် အသုံးပြုလျက်ရှိသည့်မီတာများ ရပ်၊ ပျက်၊ နှေးဖြစ်ပေါ်မှု ရှိ/မရှိကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

မြို့နယ်(ပြန်/ဆက်)

## သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

**နေပြည်တော် ဇန်နဝါရီ ၁၈**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၁၀၁) ကို ဇန်နဝါရီ ၂၀ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။





အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှု အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ နေသူရနှင့် ဖြူဖြူခိုင် တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၀၊ ၂၁ နှင့် ၂၂ ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## တပ်ကုန်းမြို့နယ်၌ ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲကျင်းပ

**တပ်ကုန်း ဇန်နဝါရီ ၁၈**

နေပြည်တော် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာအုပ်စု ရှားတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ရှားတောကျေးရွာ အထကမှ ကျောင်းသား ကျောင်းသူများက "ပညာရေးစုံညီပွဲတော်" သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီးနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိလေးက ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပပြုလုပ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။ထို့နောက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်သူနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ စုစုပေါင်း ခြောက်ဦး၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွင်း ကာယစွမ်းရည် ပြိုင်ပွဲများ၌ ကျောင်းတွင်းအဆင့် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂ ဦး၊ ဉာဏစွမ်းရည်ပြိုင်များ၌ တိုင်းအဆင့်၊ မြို့နယ်အဆင့်နှင့် ကျောင်းတွင်းအဆင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၁ ဦးတို့အား ဂုဏ်ပြုဆုများကို ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

တင်စိုးလွင် (ပြန်/ဆက်)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၄) ရာခိုင်နှုန်းရှိ

**(၁၈-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၇-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၅၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၄) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၉၃,၅၁၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၇၇၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၂၂၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၇-၁-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၈၆၇,၈၈၂) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၀၆,၄၃၇) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၁၇-၁-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၈၆၇,၈၈၂ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၀၆,၄၃၇ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သောလက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေ ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၃၀ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၀ | ၂၂၈၀ | ၂၃၀၅ | ၂၂၈၅ | ၂၂၆၅ | ၂၃၆၅ | ၂၃၈၀ | ၂၂၇၀ | ၂၂၈၀ | ၂၃၁၅ | ၂၃၂၀ | ၂၃၂၀ | ၂၅၅၀ | ၂၉၀၀ |
| 95 Ron | ၂၃၁၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၁၅ | ၂၃၅၅ | ၂၃၈၀ | ၂၃၆၅ | ၂၃၄၀ | ၂၄၄၀ | ၂၄၅၅ | ၂၃၅၀ | ၂၃၆၅ | ၂၃၉၅ | ၂၃၉၅ | ၂၃၉၅ | ၂၆၂၅ | ၂၉၈၀ |
| HSD (500 ppm) | ၂၄၂၀ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၀ | ၂၄၆၅ | ၂၄၉၀ | ၂၄၈၅ | ၂၄၅၅ | ၂၅၇၀ | ၂၅၆၅ | ၂၄၆၀ | ၂၄၇၀ | ၂၅၀၅ | ၂၅၀၅ | ၂၅၁၀ | ၂၇၃၅ | ၃၅၀၀ |
| HSD (50 ppm) | ၂၅၀၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၅၄၅ | ၂၅၇၀ | ၂၅၆၅ | ၂၅၃၅ | ၂၆၅၀ | ၂၆၄၅ | ၂၅၄၀ | ၂၅၅၀ | ၂၅၈၅ | ၂၅၈၅ | ၂၅၉၀ | ၂၈၁၅ | ၃၅၃၀ |
| HSD (10 ppm) | ၂၅၀၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၅၄၅ | ၂၅၇၀ | ၂၅၆၅ | ၂၅၃၅ | ၂၆၅၀ | ၂၆၄၅ | ၂၅၄၀ | ၂၅၅၀ | ၂၅၈၅ | ၂၅၈၅ | ၂၅၉၀ | ၂၈၁၅ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၂၀ | ၂၁၉၆ |
| 95 Ron | ၂၁၉၄ | ၂၂၇၂ |
| HSD (500 ppm) | ၂၃၀၅ | ၂၃၈၁ |
| HSD (50 ppm) | ၂၃၇၉ | ၂၄၅၆ |
| HSD (10 ppm) | ၂၃၇၉ | ၂၄၅၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မြန်မာ့ဓလေ့၊ မြန်မာ့ရှုခင်း ဒေါင်ဒင်အင်း

ကိုရွှေမန်း(မန္တလေး)

**မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ငပုအင်းကျေးရွာအုပ်စုရှိ ဒေါင်ဒင်အင်း ငါးဖမ်းပွဲသို့ လာရောက်စေချင်ကြောင်း ဖိတ်ကြားသဖြင့် ရောက်အောင်လာပါမည်ဟု ကတိပြုလိုက်ပါသည်။ ငါးဖမ်းပွဲဖိတ်ကြားခြင်းခံရသည့်အတွက် အင်းအတွင်း ငါးမျိုးစိုက်ထည့် မွေးမြူသည့်လုပ်ငန်းများ၊ ကမ္ဘာ့လူသားများ၏ လိုအပ်သော စားနပ်ရိက္ခာအတွက် ငါးကဏ္ဍ၏ အရေးပါမှု အခြေအနေများ၊ မြန်မာနှင့်ငါး အတူယှဉ်တွဲလာခဲ့သည့် ဘာသာရေးယဉ်ကျေးမှုဆိုင်ရာ သမိုင်းကြောင်းများနှင့် ကြည်နူးဖွယ်ရာ ဒေါင်ဒင်အင်းငါးဖမ်းပွဲပုံရိပ်များကို တွေးတောမြင်ယောင်မိပါသည်။**

ဒေါင်ဒင်အင်းသည် အင်းခွန်ငွေတန်ဖိုးအားဖြင့်လည်းကောင်း၊ ငါးကုန်တက်တန်ဖိုးများအရ လည်းကောင်း တွက်ချက်ပါက သာမန်အင်းငယ်လေးမျှသာဖြစ်သော်လည်း မြန်မာ့ရေသယံဇာတပေါများကြွယ်ဝမှုကို ကိုယ်စားပြုပြသနိုင်သောအင်းဖြစ်ပြီး မြန်မာ့ဓလေ့၊ မြန်မာ့ရှုခင်းကို ဖော်ထုတ်ပြသနိုင်သည့် အင်းအဖြစ် ကိုယ်စားပြုလျက်ရှိသော အင်းဖြစ်ပါသည်။

**အင်းအတွင်းငါးမျိုးစိုက်ထည့် မွေးမြူခြင်း**

အင်းအိုင်များတွင် ငါးမျိုးစိုက်ထည့်မွေးမြူသည့်စနစ် (Culture based Capture Fisheries နှင့် Capture based Culture Fisheries)ကို ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ၁၉၈၀-၁၉၈၁ ခုနှစ်မှစတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာတွင် Culture based Capture Fisheries နှင့် Capture based Culture Fisheries စသည်တို့ ဆောင်ရွက်ခြင်း မရှိစဉ်ကပင် မြန်မာနိုင်ငံတွင် ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သော လုပ်ငန်းစဉ်ဖြစ်သည်။ မြန်မာနိုင်ငံရှိ အင်းအိုင်များအားလုံးတို့တွင် အင်းလေလံရောင်းချရငွေ၏ ငါးရာခိုင်နှုန်းကို ငါးသားပေါက်များ ထည့်သွင်းမွေးမြူစေခြင်းဖြင့် ငါးအထွက်တိုးစေရေး၊ ငါးရိက္ခာဖူလုံစေရေးတို့ကို ဆောင်ရွက်စေလျက်ရှိသည်။ ဤသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ငါးလုပ်ငန်းဦးစီးဌာန၏ အောင်မြင်ထင်ရှားသော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည်။

**အဓိကစားနပ်ရိက္ခာ**

ငါးသည် လူမျိုးဘာသာ၊ အသက်အရွယ်မရွေးစားသုံးနိုင်ပြီး အာဟာရဓာတ်၊ အသားဓာတ်၊ ရောဂါကာကွယ်နိုင်သောဓာတ်မျိုးစုံများကို ငါးမှရရှိနိုင်သည်။ ကမ္ဘာ့လူဦးရေအတွက် လိုအပ်သော အသားဓာတ်နှင့် ရိက္ခာများကို ကမ္ဘာကြီး၏မျက်နှာပြင် ၇၀ ဒသမ ၈ ရာခိုင်နှုန်းခန့်ကို ဖုံးလွှမ်းထားသော သမုဒ္ဒရာရေပြင်မှ အဓိကထား၍ ရယူဆောင်ရွက်ကြရန် ရည်မှန်းလျက် ရှိနေကြသည်။ ရေထွက်ကုန်ပစ္စည်းများသည် ယနေ့ကမ္ဘာ့လူသားများအတွက် အဓိကစားနပ်ရိက္ခာအဖြစ် ရပ်တည်နေပြီဖြစ်သည်။ မြန်မာတို့၏ နေ့စဉ် အစားအစာတွင် ငါးစို၊ ငါးခြောက်၊ ငါးပိ၊ ငံပြာရည်၊ ပုစွန်ခြောက်၊ ငါးပိကောင်စသည်ဖြင့် အသွင်မျိုးစုံဖြင့် ပါဝင်အသုံးတော်ခံလျက်ရှိသည်။ နိုင်ငံစီးပွားဖြစ်ထွန်းမှုတွင် ငါးကဏ္ဍသည် အရေးပါသော ကဏ္ဍတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိသည်ကို တွေ့ရပြီး ပြည်တွင်းအသားတင်ထုတ်ကုန်၏ နှစ်ရာခိုင်နှုန်း (ဂျီဒီပီ)၊ တိရစ္ဆာန်ပရိုတင်းသုံးစွဲမှု၏ ၅၀ ရာခိုင်နှုန်း၊ အချို့သော ကမ်းရိုးတန်းဒေသများ၏အလုပ်လက်မဲ့ ခြောက်ရာခိုင်နှုန်းမှ ၃၄ ရာခိုင်နှုန်းနှင့် ပြည်နယ်/ တိုင်းဒေသကြီး အစိုးရများ၏ ၅၆ ရာခိုင်နှုန်းနှင့် အထက်ဝင်ငွေများကို ငါးလုပ်ငန်းကဏ္ဍမှ အထောက်အကူပြုနေပြီး မြန်မာပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးအတွက် မှီခိုအားထားလျက် ရှိနေခြင်းသည် ငါးကဏ္ဍ၏ အရေးပါမှုကို ဖော်ပြလျက်ရှိသည်။

**ရေသတ္တဝါများနှင့်မြန်မာ့ယဉ်ကျေးမှု**

အညာဒေသများ၏ မိုးအလွန်ခေါင်သောနှစ်များတွင် ဘုရားသခင်အား အမှူးထား၍ ရဟန်း သံဃာများအား ပင့်ဖိတ်ကာ “ပုနပရံ ယဒါဟောမိ၊ နိဗ္ဗုတ္တံ မစ္ဆယောနိယံ” အစချီသော ငါးရံ့မင်းပရိတ်တော်ရွတ်ဖတ်ခြင်း၊ ငါးရံ့မင်းရုပ်ပွားတော် ပင့်ဆောင်ပူဇော်ခြင်းများ ပြုလုပ်လေ့ရှိသည်။ ရေတွင် နေထိုင်ကျက်စားပျော်မွေ့ကြသည့် နတ်နဂါးနှင့်ဆက်စပ်သော ဗုဒ္ဓဝင်များ၊ ဘုရားသမိုင်းများ၊ ရုပ်လုံး ရုပ်ကြွပန်းချီများလည်း အများအပြားရှိနေသည်။ မြန်မာတို့၏ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုနှင့် လူမှုနယ်ပယ်သည် ရေသတ္တဝါများနှင့် ယှဉ်တွဲလာခဲ့သည်မှာ နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့လွန်းပြီဖြစ်သည်။ ရဟန်းခံရှင်ပြုပွဲများတွင် တီးမှုတ်သည့် ဖြောသံသည် သက္ကရာဇ် ၄၅၄ ခုနှစ်တွင် ပုဂံပြည်၌ နန်းတက်သည့် အလောင်းစည်သူမင်းသည် သိန်းဃိုမင်း ဆက်သသည့် သက်နက်လှေတော်ဖြင့် တိုင်းခန်းလှည့်ရာ ဇမ္ဗူဒိတ်ကျွန်းဦးသို့ အရောက်တွင် သမုဒ္ဒရာအတွင်းသို့ ဇမ္ဗူသပြေသီးကြွေကျသည့်အခါ ဖြစ်ပေါ်လာသည့် အသံနှင့် ဇမ္ဗူသပြေသီးကို ငါးကြီးအာနန္ဒာက ထိုးဟပ်သောအသံကို အစွဲပြု၍ ဖြစ်ပေါ်လာသည့်အသံဟု စွဲမှတ်ယုံကြည်ကြသည်။ ပန်းချီ၊ ပန်းပု၊ ပန်းတမော့ ပညာရပ်များဖြင့် အလှဖန်တီးကြသည့် ဘာသာရေးဆိုင်ရာ တံတား၊ လှေကားများတွင် ရေသတ္တဝါ မကန်းရုပ်၊ မိကျောင်းရုပ်၊ နဂါးရုပ်တို့ဖြင့် တန်ဆာဆင်ခဲ့ကြသည်။ မကန်းရုပ်များတွင် ကျောက်ဆည်မြို့နယ်ရှိ တမုတ်ရှင်ပင် ရွှေဂူဘုရားကြီးမုခ်ဦး၊ ပုဂံအာနန္ဒာဘုရားမုခ်ဦး၊ အင်းဝလေးထပ်ကြီးကျောင်းမုခ်ဦး၊ အမရပူရ ပုထိုးတော်ကြီးဘုရားနတ်လမ်း၊ မန္တလေးမြို့ အတုမရှိကျောင်းလှေကားနှင့် ရတနာပုံခေတ်သတ္တဌာန အဝင်မုခ်ဦးတို့ရှိမကန်းရုပ်များသည် ဒဏ္ဍာရီဆန်၍ အလွန်လှပသည်ကို တွေ့ရသည်။ မိကျောင်းရုပ်များတွင် ရွှေတိဂုံဘုရား တောင်ဘက်စောင်းတန်းရှိ မိကျောင်းလှေကား၊ မန္တလေးရှိအိမ်တော်ရာ မိကျောင်းတံတားတို့သည် ထင်ရှားပြီး ရှင်မွေးလွန်းနှင့် မင်းနန္ဒာဇာတ်လမ်းပါ ငမိုးရိပ်မိကျောင်းနှင့် မိလက်တိုမိကျောင်းတို့သည် စိတ်ဝင်စားရသော ဇာတ်ကောင်များ ဖြစ်ကြသည်။ ရှေးခေတ် ကုန်တင်လှေကြီးများ၏ လှေဦးတွင်ပန်းပုလက်ရာ မိကျောင်းရုပ်ဖြင့် တန်ဆာဆင်လေ့ရှိသည်ကို တွေ့ရပြီး ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ ရိုးရာလှေပြိုင်ပွဲ၏ ပွဲဝင်ပြိုင်လှေများတွင် လှေဦးကို နတ်မိကျောင်းရုပ်ဖြင့် အလှဆင်လေ့ရှိသည်ကို တွေ့ရသည်။ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင်ရှိသော ဘာသာရေးအဆောက်အအုံများရှိ နဂါးရုပ်တုများမှာ ထူးခြားလှပသောလက်ရာများဖြစ်သည်ကို တွေ့ရသည်။

မွန်ပြည်နယ်အတွင်း ဂရန် အင်းပေါင်း ၂၄ အင်းရှိရာ လေလံအင်း ၁၅ အင်း၊ ကြေးတိုင်အင်း ရှစ်အင်း၊ သုတေသနအင်း တစ်အင်းတို့ဖြစ်သည်။ ဒေါင်ဒင်အင်းတည်နေရာမှာ မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ငပုအင်းကျေးရွာအုပ်စု နယ်မြေအတွင်းရှိပြီး ငပုအင်းကျေးရွာအုပ်စု၊ ကျုံကွယ်ကျေးရွာအုပ်စု၊ ရေပူကော့စပ်ကျေးရွာအုပ်စုတို့ အကြားတွင် တည်ရှိသည်။ အင်းအကျယ်အဝန်းမှာ ၇၄ ဧကဖြစ်ပြီး အတ္ထရံမြစ်ရေဝင်ရောက်ရာ ရေပေါ်ရေလျှံကွင်း ဇရိယာအတွင်း ကျရောက်ပြီး ကုန်းတွင်းပိတ်အင်းဖြစ်သည်။ “ဒေါင်ဒင်” ဟူသော မြည်သံကိုစွဲ၍ အမည်မှည့်ခေါ်ခြင်းဖြစ်ကြောင်း ဒေသခံသက်ကြီးရွယ်အိုများ၏ ပြောပြချက်အရ သိရသည်။ ကိုလိုနီခေတ် ကျေးရွာသူကြီးများခေတ်တွင် ကျိုက်မရောအာဏာပိုင်များထံမှ အင်းလေလံရယူခြင်းကို ကျေးရွာအလိုက် အလှည့်ကျရယူခဲ့ကြပြီး ငါးဖမ်းပွဲတော်ကို ကျင်းပခဲ့ကြခြင်းဖြစ်သည်။ မျက်မှောက်ခေတ်တွင် ကျေးရွာအုပ်ချုပ်ရေးမှူးများက မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ အင်းလေလံကို အလှည့်ကျရယူ၍ ငါးဖမ်းပွဲတော်ကို ကျင်းပလေ့ရှိသည်။ လေလံရရှိသည့် ကျေးရွာအုပ်စုမှ ဦးဆောင်၍ အင်းရေပြင် ရေကျန်အခြေအနေ ရေအတိမ်အနက်အခြေအနေများကို တွက်ဆပြီး နေ့ကြီး ရက်ကြီးများကို ရှောင်လွှဲကာ ငါးဖမ်းပွဲတော်ရက်ကို သတ်မှတ်ခြင်းဖြစ်သည်။ တစ်နှစ်လျှင် ငါးဖမ်းပွဲတော် ရက်တစ်ရက်ကိုသာ သတ်မှတ်ထားရှိပြီး ငါးဖမ်းရက်ကျင်းပသည့်ညတွင် ဇာတ်ပွဲများ၊ ဈေးဆိုင်ခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။ ဒေါင်ဒင်အင်းငါးဖမ်းပွဲတော်ကို အင်းရေကျန်ရှိသည့် အခြေအနေပေါ်မူတည်၍ ဆုံးဖြတ်ဆောင်ရွက်ရခြင်းဖြစ်ရာ အများအားဖြင့် တပို့တွဲလအတွင်း ကျင်းပလေ့ရှိသည်။ ရှေးလူကြီးများ လက်ဆင့်ကမ်း ပြောဆိုသတ်မှတ်ခဲ့ကြသည့် နန်းတော်တည်ရှိရာ ကုန်းနေရာတွင် နတ်နန်းငယ်၊ ဆင်တင်းကုတ်ဆင်ချည်တိုင် အဆောက်အအုံငယ်များကို တည်ဆောက်၍ ပွဲမစမီ ခုနစ်ရက်ကြိုတင်ပြီး အင်းနတ်ပူဇော်ခြင်းကို ပြုလုပ်ကြရသည်။ နတ်ပူဇော်ရာတွင် ထမင်း ၃၃ ဆုပ်၊ ဆေးလိပ် ၃၃ လိပ်၊ ဖယောင်းတိုင် ၃၃ တိုင်၊ အရက် ၃၃ ပုလင်း၊ ကောက်ညှင်း ၃၃ ပုံ၊ ဝါးရေခွက် ၆၆ ခွက်၊ ဆင်စွယ်နှစ်ချောင်း၊ ဘိန်းမည်း၊ အုန်းသီး၊ ကြံသကာ၊ မုန့်ဖြူမုန့်နီ၊ မုန့်လက်ကောက် အဖြူအနီ၊ အချိုရည်ပုလင်း၊ လိပ်ကင်နှစ်ကောင်၊ ငါးရံ့နှစ်ကောင်၊ ရွှေဆွဲကြိုးတစ်၊ ရွှေဘီးတစ်၊ ဆံစုတစ်၊ ထဘီ၊ အင်္ကျီ၊ သနပ်ခါးတို့ ပါဝင်သည်။ ပွဲကျင်းပမည့်ရက်ကို ဖိတ်စာဖြင့် စနစ်တကျ ဖိတ်ကြားဆောင်ရွက်လေ့ရှိပြီး ယခုခေတ် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင်လည်း ဖိတ်ကြားလေ့ရှိသည့်အပြင် သတင်းဌာနအသီးသီးက သတင်းရိုက်ကူးတင်ဆက်ခြင်းများ ဆောင်ရွက်ကြသည့်အတွက် အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိခဲ့ပြီး စည်ကားသော ပွဲတော်တစ်ခု ဖြစ်လာသည်။



ဒေါင်ဒင်အင်းငါးဖမ်းပွဲတော်။

**အလှည့်ကျလေလံဆွဲဝယ်ရ**

ဒေါင်ဒင်အင်းသည် ကုန်းတွင်းပိတ်အင်းဖြစ်ခြင်း၊ ရိုးရာအစဉ်အလာဓလေ့အရ ဒေသခံကျေးရွာများက အလှည့်ကျလေလံဆွဲဝယ်၍ ပွဲတော်ကျင်းပရသည့် အင်းဖြစ်ခြင်းကြောင့် အင်းလေလံဈေးမှာ လွန်စွာနည်းပါးကြောင်းနှင့် ရိုးရာယုံကြည်မှုအရ ကျင်းပခြင်းဖြစ်ပြီး တစ်ချိန်သောအခါများက ဒေသခံများလာရောက် လေလံဆွဲဝယ်နိုင်ခဲ့ခြင်းမရှိဘဲ ကျိုက်မရောအထွေထွေအုပ်ချုပ်ရေးဌာနဝန်ထမ်းက ကျေးရွာများကိုယ်စား လေလံဆွဲဝယ်ပေးခဲ့ရကြောင်းကို ငါးလုပ်ငန်းဦးစီးဌာန မှတ်တမ်းများအရ သိရသည်။ ၂၀၁၁-၂၀၁၂ ခုနှစ် လေလံဈေးမှာကျပ် ၉၀၀၀၀ ဖြစ်ပြီး ၂၀၁၅ - ၂၀၁၆ ခုနှစ် လေလံဈေးမှာ ကျပ် ၁၆၀၀၀၀ ဖြစ်ကြောင်းနှင့် ကျေးရွာများကိုယ်စား ကျိုက်မရောအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဦးမင်းအောင်က လေလံဆွဲဝယ်ပေးခဲ့ရကြောင်းတွေ့ရသည်။ နောက်ပိုင်းတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများက အလှည့်ကျဝယ်ယူ၍ ပွဲတော်ကျင်းပခဲ့သည်။ ပွဲတော်ကျင်းပသည့် ရက်အတွင်း တစ်ရက်သာ ငါးဖမ်းခွင့်ရှိသည်။ ပွဲတော်တွင် လူမျိုးဘာသာမရွေး လာရောက်၍ ငါးဖမ်းနိုင်ကြပြီး ပွဲကော်မတီသို့ ငါးဖမ်းကိရိယာ လိုင်စင်ကြေးပေးသွင်းရမည်ဖြစ်သည်။ ငါးဖမ်းကိရိယာ ယကွင်းကြီးတစ်ခုလျှင်ကျပ် ၅၀၀၀၊ ကွန်တစ်လက်လျှင်ကျပ်၂၀၀၀၊ ယက်သဲ့တစ်ခုလျှင် *စာမျက်နှာ ၁၇ သို့*

**❖ ငါးသည် လူမျိုးဘာသာ၊ အသက်အရွယ်မရွေး စားသုံးနိုင်ပြီး အာဟာရဓာတ်၊ အသားဓာတ်၊ ရောဂါကာကွယ်နိုင်သောဓာတ်မျိုးစုံများကို ငါးမှရရှိနိုင်သည်။ ကမ္ဘာ့လူဦးရေအတွက် လိုအပ်သော အသားဓာတ်နှင့် ရိက္ခာများကို ကမ္ဘာကြီး၏ မျက်နှာပြင် ၇၀ ဒသမ ၈ ရာခိုင်နှုန်းခန့်ကို ဖုံးလွှမ်းထားသော သမုဒ္ဒရာရေပြင်မှ အဓိကထား၍ ရယူဆောင်ရွက်ကြရန် ရည်မှန်းလျက်ရှိ**

## ဟိုပန်၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောင်ရွက်ခဲ့သည့် ခရိုင်သိုလှောင်ရုံနှင့် အသိပညာပေးစင်တာဖွင့်

**ဟိုပန် ဇန်နဝါရီ ၁၈**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သည့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ ဟိုပန်ခရိုင် သိုလှောင်ရုံနှင့် အသိပညာပေးစင်တာဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ ရက်က "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင်၌ ပြုလုပ်ရာ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်နှင့်အဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးတင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းထိုက်နှင့် အဖွဲ့ဝင်များ၊ တိုင်း/ ခရိုင်/ မြို့နယ် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်က ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ရှမ်းပြည်နယ်အတွင်း သိုလှောင်ရုံနှင့် အသိပညာပေးစင်တာများ ဖွင့်လှစ်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ အဆောက်အအုံနှင့် ပတ်သက်သော အချက်အလက်များကို မိုးပုလဲသွယ်ဂရု(ပ်)ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပေးအပ်ရာ ခရိုင်ဦးစီးမှူး ဒေါ်ဟိဏ်းသီရိကျော်က လက်ခံယူသည်။



ထို့နောက် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်ပြားကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးသည်။ အဆိုပါ အဆောက်အအုံသည် အာစီနှစ်ထပ်အဆောက်အအုံဖြစ်ပြီး မဲခေါင်-လန်ချန်းဒေသ ပူးပေါင်းဆောင်ရွက်မှု ၂၀၂၁ ခုနှစ် အထူးရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## တာချီလိတ်မြို့၌ ထုတ်လုပ်ဖြန့်ဖြူးနေသော မုန့်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**တာချီလိတ် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း ထုတ်လုပ်ဖြန့်ဖြူးနေသော မုန့်လုပ်ငန်းများကို ကျန်းမာရေးနှင့် ညီညွတ်သောမုန့်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး၊ ကုန်အမှတ်တံဆိပ်များ ပြည့်စုံစွာပါရှိရေးနှင့် လုပ်ငန်းများ စနစ်တကျမှတ်ပုံတင်နိုင်ရေးတို့အတွက် ဇန်နဝါရီ ၁၇ ရက်က တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးအသိပညာပေးခြင်းကို ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မုန့်ထုတ်လုပ်သော ကုန်ကြမ်းနှင့် လုပ်ငန်းခွင်များ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ၊ မရှိ၊ ကုန်အမှတ်တံဆိပ်များ ပြည့်စုံစွာ ပါရှိမှု ရှိ၊ မရှိနှင့် လုပ်ငန်းများ မှတ်ပုံတင်ထားခြင်းရှိ၊မရှိတို့ကို စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သန်းဇော်(ပြန်/ဆက်)

## မြန်အောင်မြို့နယ်၌ နွေစပါး ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**မြန်အောင် ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ခုနှစ် နွေစပါးလျာထားစိုက်ဧက ၉၂၀၅ ဧက ရှိပြီး ယနေ့အထိ ၄၀၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

မြန်အောင်မြို့နယ်အတွင်း နွေစပါးကို မမြရေလှောင်တမံ၊ ကွန်ချောင်းရေလှောင်တမံ၊ ကညင်ရေလှောင်တမံ၊ ချောင်းပိတ်မြောင်းပိတ်၊ ကဇွန်းခုံမြစ်ရေတင် စသည်တို့၏ ရေသောက်ဧရိယာများရှိ ကျေးရွာအုပ်စုများတွင် အများဆုံးစိုက်ပျိုးလျက်ရှိသည်။

၂၀၂၂-၂၀၂၃ ခုနှစ် နွေစပါးစိုက်ပျိုးရာတွင် စပါးအထွက်နှုန်းကောင်းမွန်သော သီးထပ်ရင်၊ မနောသုခ၊ ဆင်းသုခ၊ GW11 စပါးမျိုးများ စိုက်ပျိုးကြပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် လိုအပ်သဘာဝသွင်းအားစု ထောက်ပံ့ပေးသည့် ဧက ၂၇၀၀ နှင့် စပါးမျိုးစေ့ထုတ် ငါးဧက ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြန်အောင်
(ပြန်/ဆက်)

## ရေချွေတာရေး နည်းလမ်းများ

- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

*စာမျက်နှာ ၁၆ မှ*

စေတနာကြေး ပေးသွင်းရမည်ဖြစ်သည်။ ဖမ်းဆီးရမိသော ငါးများမှာ ငါးပတ်၊ ငါးမြွေထိုး၊ ငါးဖျင်းသလက်၊ ငါးစင်စပ်၊ ငါးဖောင်ရိုး၊ ငါးသံချိတ်၊ ငါးဖယ်၊ ငါးဖမ်းမ၊ ငါးရံ့၊ ငါးစင်ရိုင်း၊ ငါးမြစ်ချင်း၊ ငါးနုသန်း၊ ငါးမော့တော့၊ ငါးသိုင်းခေါင်းပွ၊ ရေချိုပုစွန်တုပ်ကြီးတို့ဖြစ်သည်။

မြစ်ကြီးမြစ်ငယ်အသွယ်သွယ်တို့၏ ပြုပြင်ဖန်တီးမှုများကြောင့် အင်းများ၊ အိုင်များ၊ ထုံးများ၊ ဂယက်များ ပေါ်ထွန်းလာခဲ့သည်။ အင်းအိုင် အမျိုးအစားများတွင်လည်း မြစ်ကြောင်းအင်း၊ မြစ်စွတ်အင်း၊ မြစ်ကျိုးအင်း၊ ကုန်းအင်း၊ နွေအင်းများဟူ၍လည်း ဖြစ်လာသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင်ရှိသော အင်းအမျိုးအစား မြောက်မြားစွာတို့တွင် တည်ရှိရာနေရာဒေသအလိုက် ငါးဖမ်းနည်းစနစ်များ၊ ငါးဖမ်းကိရိယာများ၊ ကွဲပြားခြားနားနိုင်သကဲ့သို့ အင်းအလိုက် ဒေသအလိုက် ကိုးကွယ်ယုံကြည်မှုများမှာလည်း ဒေသတစ်ခုနှင့်တစ်ခု မတူညီဘဲ ကွဲပြားခြားနားကြောင်း တွေ့ရသည်။

ရိုးရာနတ်များကို နယ်မြေခလေ့ ထုံးတမ်းများနှင့်အညီ ပူဇော်ပသလေ့ရှိကြောင်း ပူဇော်ပသရန် ပျက်ကွက်ပါက ငါးမရသည့်အပြင် ဘေးဒုက္ခများရောက်ရှိမည်ဖြစ်ကြောင်း ရိုးရာအစွဲအလမ်းများ ယုံကြည်မှုများ ရှိနေကြသည်။ နယ်မြေဒေသအလိုက် အင်းအိုင်များနှင့် ပတ်သက်သည့် ရှေးအစဉ်အလာ ဒဏ္ဍာရီပုံပြင်များ၊ ရှေးစကားများကို ဒေသခံများက လက်ဆင့်ကမ်း ပြောဆိုနေကြဆဲ ဖြစ်သည်။ ဒေါင်ဒင်အင်းနှင့် ပတ်သက်သော ရိုးရာပုံပြင်မှာ စိတ်ဝင်စားဖွယ်၊ ရှောင်ကြဉ်ဖွယ်၊ ဂရုဏာသက်ဖွယ်ဖြစ်ပြီး စာရှုသူတို့ သိရှိလိုကြမည်ဖြစ်၍ တင်ပြလိုသည်။



ဒေါင်ဒင်အင်းငါးဖမ်းပွဲတွင် ဖမ်းဆီးရမိသောငါးများ။

**ဖူးမြော်လေ့လာသင့်သောနေရာများ**

ဒေါင်ဒင်အင်းခရီးစဉ်တွင် မော်လမြိုင်မြို့ရှိ ကျိုက်သလ္လံစေတီတော်ကြီးနှင့် တန်ခိုးကြီး ဘုရားများကိုလည်းကောင်း၊ ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများကို လည်းကောင်း၊ သံလွင်မြစ်၏ လှပသော နေဝင်ဆည်းဆာအလှကို လည်းကောင်း၊ ထန်းပင် ထန်းလက် ဝေစည်လှပသော ကျိုက်မရောမြို့နှင့် ကြည်ညိုဖွယ် ဗုဒ္ဓရုပ်ပွားတော်ကြီးကို လည်းကောင်း၊ ညောင်ရမ်းခေတ် ဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်ရာ ခရုံဂူ၊ ဖားဖောင်ဂူတို့၏ မူလသဘာဝအလှများကိုလည်းကောင်း၊ ရေပူကော့စပ်ကျေးရွာရှိ ရေပူစမ်းများနှင့် အတ္တရံတောင်ကြီး၏ သဘာဝအလှတရားများကိုလည်းကောင်း၊ မူလအခြေအနေမပျက် ဖူးမြော်လေ့လာကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။ မဝေးသော ခရီးတွင်ရှိသည့် မုဒုံမြို့ရှိ တန်ခိုးကြီးဘုရားများ၊ စက်စဲကမ်းခြေနှင့် ကျိုက္ခမီဘုရား၊ သံဖြူဇရပ်မြို့ရှိ အထင်ကရနေရာများ ကျိုက်ထိုမြို့ရှိ ကျိုက်ထီးရိုးစေတီနှင့် သထုံမြို့ရှိ ရွှေစာရံစေတီတော်ကြီးနှင့် ဘုရားစေတီများကို ဖူးမြော်နိုင်သည်။

**ပျော်ပျော်ပါးပါးဆင်နွှဲကြပါစို့**

ပင်လယ်ပြင်၊ မြစ်ချောင်း၊ အင်းအိုင်များကပေးခဲ့သည့် ပုံပြင်များ၊ ရှေးစကားများသည် မြန်မာ့ကလေးငယ်များအတွက် တန်ဖိုးမဖြတ်နိုင်သော ကောင်းမွန်သည့်ကိုယ်ကျင့်တရားများကို ပေးနေဆဲဖြစ်သည်။ ပင်လယ်၊ မြစ်ချောင်း၊ အင်းအိုင်များနှင့် ရှေးဟောင်းရိုးရာပုံပြင်များကို ချစ်ခင်မြတ်နိုး တန်ဖိုးထားကာ

**"မြန်မာနိုင်ငံ အနှံ့အပြားတွင် ရှိသော အင်းအမျိုးအစား မြောက်မြားစွာတို့တွင် တည်ရှိရာ နေရာဒေသအလိုက ငါးဖမ်းနည်းစနစ်များ၊ ငါးဖမ်းကိရိယာများ၊ ကွဲပြားခြားနားနိုင်သကဲ့သို့ အင်းအလိုက ဒေသအလိုက် ကိုးကွယ်ယုံကြည်မှုများမှာလည်း ဒေသတစ်ခုနှင့်တစ်ခု မတူညီဘဲ ကွဲပြားခြားနားကြောင်း တွေ့ရ"**

ပြုစုထိန်းသိမ်းကြစေလိုသည်။ မြန်မာနှင့် ငါးသည် ရှေးနှစ်ပေါင်းများစွာကပင် အတူယှဉ်တွဲခဲ့ခြား၍ မရနိုင်သော ဇာတ်ကောင်များဖြစ်သည်။ မြန်မာ့အစာအာဟာရ၊ မြန်မာ့စီးပွားရေး၊ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ငါးသည် အရေးပါလျက်ရှိနေသည်ကို စာရှုသူတို့ သိရှိပြီး ချစ်ခင်မြတ်နိုး တန်ဖိုးထားစေလိုသည်။ သို့ပါ၍ ရိုးရာအစဉ်အလာမပျက် ယခုနှစ်တွင်ကျင်းပမည့် မြန်မာ့ဓလေ့၊ မြန်မာ့ရှုခင်းကို ဖော်ထုတ်ပြသမည်ဖြစ်သည့် ဒေါင်ဒင်အင်းငါးဖမ်းပွဲတော်ကို ဒေသခံတိုင်းရင်းသား ပြည်သူများနှင့်အတူ ပျော်ပျော်ပါးပါးဆင်နွှဲကြပါစို့ဟု ဖိတ်ခေါ်ရင်း နိဂုံးချုပ်အပ်ပါသည်။ ။

# ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပို့ကုန်ရေထွက်ပစ္စည်းတင်ပို့မှုနှင့် သွင်းကုန်ပစ္စည်း တင်သွင်းမှု အခြေအနေ



ကော့သောင်းကုန်သွယ်ရေးစခန်းသည် တစ်ဖက်ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသောပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစီဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ခရုနှင့် ငါးမှုန့်တို့ ဖြစ်သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၁၇ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၁၀၂ သန်းနှင့် သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၀ ဒသမ ၁၆၃ သန်းဖြင့် စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၂၆၅ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းမှာ ငါးမျိုးစုံနှင့် ကင်းမွန်ဖြစ်ပြီး၊ သီဟိုဠ်စေ့၊ ဆီအုန်း၊ အုန်းဖက်အက်စစ် (Palm Fatty Acid) ဖြစ်ပြီး အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ငါးမျှားကြိုး၊ ပုလင်းဖုံး၊ ဓာတ်ဆီ၊ ကားမှုတ်ဆေး၊ ဝါဂွမ်း၊ သွားတိုက်ဆေး၊ ရေချိုးဆပ်ပြာ၊ ရေကူးကန်သုံးပစ္စည်း၊ နိုင်လွန်ကြိုးများဖြစ်ကြောင်း သိရှိရသည်။

ဇန်နဝါရီ ၁၈ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၁၆၃ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၈၆ ကျပ်ခန့်ဖြစ်ကြောင်း သတင်းရရှိသည်။

# ကန်ပိုက်တီကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဇန်နဝါရီ ၁၆ ရက်အထိ ပို့ကုန် ၅၈ ဒသမ ၄၆၁ အမေရိကန်ဒေါ်လာသန်းနှင့် သွင်းကုန် ၉ ဒသမ ၅၃၆ အမေရိကန်ဒေါ်လာသန်းဖြင့် စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး ၆၇ ဒသမ ၉၉၇ အမေရိကန်ဒေါ်လာသန်း ကုန်သွယ်မှု ဆောင်ရွက်နိုင်ခဲ့သည်။ ယခင်နှစ်ကာလတူ ၂၀၂၁ ခုနှစ် ဧပြီမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၆ ရက်အထိ နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် ၁၇ ဒသမ ၅၉၆ အမေရိကန်ဒေါ်လာသန်းနှင့် သွင်းကုန်ပိုင်းတွင် ၇ ဒသမ ၁၆၈ အမေရိကန်ဒေါ်လာသန်းဖြင့် စုစုပေါင်းကုန်သွယ်မှုအနေဖြင့် ၂၄ ဒသမ ၇၆၄ အမေရိကန်ဒေါ်လာသန်း ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

ကန်ပိုက်တီကုန်သွယ်ရေးစခန်းတွင် အဓိကတင်ပို့လျက်ရှိသော တစ်သျှူးငှက်ပျောအား ဇန်နဝါရီ ၁ ရက်မှ ၁၇ ရက်အထိ ယာဉ်စီးရေ ၇၃၃ စီး၊ တန်ချိန် ၁၈၃၂၅ တန်၊ တန်ဖိုး ၆ ဒသမ ၂၂၇ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့ပြီး ဇန်နဝါရီလအတွင်း တစ်ရက်လျှင်ပျမ်းမျှ ယာဉ်စီးရေ ၄၃ စီး၊ တန်ချိန် ၁၀၇၅ တန် တင်ပို့လျက်ရှိသည်။ ယခုကာလသည် တစ်သျှူးငှက်ပျောထွက်ရှိသည့် ရာသီဖြစ်သဖြင့် တစ်ရက်ထက်တစ်ရက် ပိုမိုတင်ပို့လျက်ရှိကြောင်း သိရှိရပြီး တစ်သျှူးငှက်ပျောအပြင် ငရုတ် (အစို)၊ ဖရုံ၊ ဖရဲများလည်းတင်ပို့လျက်ရှိကြောင်းနှင့် မကြာမီရက်များအတွင်း တစ်ဖက်တရုတ်နိုင်ငံ၏ နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ကုန်သွယ်မှုအနည်းငယ် လျော့နည်းနိုင်ကြောင်း သတင်းရရှိသည်။

## Saudi International Marine Exhibition ကျင်းပသွားမည်

ဆော်ဒီအာရေဗျနိုင်ငံ အရှေ့ပိုင်းပြည်နယ်တွင် ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် Dhahran Expo တွင် ပါဝင်သည့် Saudi International Marine Exhibition သို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသရန် ဖိတ်ကြားထားသည်။ အဆိုပါပြပွဲသို့ ဝင်ရောက်ပြသခြင်းဖြင့် ဆော်ဒီအာရေဗျနိုင်ငံနှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတို့အကြား ငါးမွေးမြူရေးလုပ်ငန်းနှင့် ပင်လယ်စာကဏ္ဍတို့၏ စီးပွားရေးဆိုင်ရာ ဆက်ဆံရေးခိုင်မာစေရန် ထူးခြားသော စီးပွားရေးအခွင့်အလမ်းတစ်ခု ဖြစ်ကြောင်း သိရသည်။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm ၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

### ၁၈-၁၂-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည်ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၁၀၀ | | ၁၃၀၀၀ | ၆၅၀၀ | ၁၇၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၃၀၀ | ၁၀၀၀ | ၆၈၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၇၉၅၀၀၀ |
| ၂ | လားရှိုး | ၂၁၀၀ | ၁၇၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ | ၅၀၀ | ၇၅၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၈၅၀၀ | ၂၇၂၅၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၅၀၀ | | ၁၆၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၃၅၀၀ | ၆၅၀၀ | ၅၀၀၀ | | ၁၈၀၀ | ၁၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၅၀၀ | ၂၇၈၀၀၀၀ |
| ၄ | တောင်ကြီး | ၂၂၀၀ | ၂၁၀၀ | ၉၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၃၃၀၀ | ၁၀၀၀ | ၆၀၀ | ၇၂၀၀ | ၄၈၀၀ | ၅၅၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၆၈၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၀၀၀ | ၂၁၀၀ | ၁၂၅၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၃၇၀၀ | ၄၅၀၀ | ၅၂၀၀ | ၄၃၀၀ | ၁၁၀၀ | ၅၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၇၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ | ၂၇၃၀၀၀၀ |
| ၆ | ဘားအံ | ၂၀၀၀ | | ၁၁၀၀၀ | ၇၀၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၇၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၈၃၅၀၀၀ |
| ၇ | မော်လမြိုင် | ၁၇၀၀ | | ၁၃၅၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၆၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၆၀၀ | ၂၈၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၇၆၀၀၀၀ |
| ၈ | ထားဝယ် | ၂၂၀၀ | | ၁၆၀၀၀ | ၈၀၀၀ | ၁၇၃၀၀ | ၃၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၁၀၀ | ၁၈၀၀ | ၆၀၀ | ၆၂၀၀ | ၄၈၀၀ | ၄၂၀၀ | ၂၈၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၇၆၀၀၀၀ |
| ၉ | မြိတ် | ၂၁၀၀ | | ၁၄၀၀၀ | ၆၇၀၀ | ၂၀၀၀၀ | ၃၁၀၀ | ၅၀၀၀ | ၅၁၀၀ | ၄၆၀၀ | ၂၃၀၀ | ၈၀၀ | ၆၄၀၀ | ၄၅၀၀ | ၄၃၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၈၀၀၀၀၀ |
| ၁၀ | ရန်ကုန် | ၂၂၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၂၄၀၀၀ | ၃၃၀၀ | ၇၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၅၃၀၀၀၀ |
| ၁၁ | ပုသိမ် | ၁၈၀၀ | | ၁၄၀၀၀ | ၅၈၅၀ | ၁၆၀၀၀ | ၂၃၀၀ | ၄၀၀၀ | ၃၇၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၆၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၇၀၀၀၀၀ |
| ၁၂ | စစ်တွေ | ၁၈၅၀ | ၁၇၅၀ | ၁၁၅၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၆၀၀၀ | ၄၈၀၀ | ၃၅၀၀ | ၃၂၀၀ | ၆၀၀ | ၈၀၀၀ | ၄၇၀၀ | ၄၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၆၉၀၀၀၀ |
| ၁၃ | ဟားခါး | ၂၈၀၀ | | ၁၆၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၁၅၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | | ၉၀၀၀ | ၂၈၅၀၀၀၀ |
| ၁၄ | မုံရွာ | ၂၄၀၀ | | ၁၀၀၀၀ | ၆၄၀၀ | ၁၉၀၀၀ | ၂၆၀၀ | ၃၅၀၀ | ၅၅၀၀ | ၅၃၀၀ | ၁၇၀၀ | ၇၀၀ | ၆၀၀၀ | ၆၄၀၀ | ၅၀၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၆၉၉၀၀၀ |
| ၁၅ | မန္တလေး | ၁၉၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၂၄၀၀ | ၃၂၀၀ | ၄၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၆၉၅၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၉၂၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၃၀၀ | ၆၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၀၀ | ၅၅၀ | ၆၀၀၀ | ၅၅၀၀ | ၄၃၀၀ | ၂၄၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၇၈၀၀၀၀ |
| ၁၇ | မကွေး | ၂၄၀၀ | | ၁၀၀၀၀ | ၆၂၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၈၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၂၅၀၀ | ၂၉၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၇၄၀၀၀၀ |
| ၁၈ | ပြည် | ၂၀၀၀ | | ၁၂၅၀၀ | ၆၄၀၀ | ၂၅၀၀၀ | ၂၄၀၀ | ၅၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၇၆၈၀၀၀ |
| ၁၉ | ပဲခူး | ၂၀၀၀ | | ၁၂၅၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၄၅၀၀ | | ၂၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၆၀၀ | ၂၉၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၇၉၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၀၀၀ | | ၁၃၀၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၆၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၀၀၀ | ၁၈၀၀ | ၅၀၀ | ၆၈၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၆၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၇၇၅၀၀၀ |
| ၂၁ | နေပြည်တော် | ၂၀၀၀ | | ၁၃၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၂၈၀၀ | ၄၄၀၀ | ၄၂၀၀ | ၄၂၀၀ | ၂၀၀၀ | ၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၂၀၀ | ၂၈၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၅၀၀ | ၂၇၇၅၀၀၀ |
| ၂၂ | ကလေး | ၂၀၀၀ | ၁၈၀၀ | ၁၁၀၀၀ | ၆၄၀၀ | | ၃၀၀၀ | ၄၀၀၀ | ၅၂၀၀ | | ၁၅၀၀ | ၇၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၂၈၅၀၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ပြည်တွင် ငွေကျပ် ၂၀၀၊ ပဲခူးတွင် ငွေကျပ် ၁၀၀၊ ငစိန် တစ်ပြည်လျှင် လွိုင်ကော်တွင် ငွေကျပ် ၅၀၊ ပဲဆီ တစ်ပိဿာလျှင် လွိုင်ကော်တွင် ငွေကျပ် ၅၀၀၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၁၀၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီး၊ မုံရွာနှင့်မကွေးတွင် ငွေကျပ် ၂၀၀၊ ပုသိမ်တွင် ငွေကျပ် ၁၅၀၊ မန္တလေး၊ ပြည်နှင့် ပဲခူးတွင် ငွေကျပ် ၁၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၂၀၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၃၀၀၊ ပခုက္ကူတွင် ငွေကျပ် ၇၀၀၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၂၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၅၀၀၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၂၀၀၊ မြေပဲဆန်နှင့် သကြားတစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၄၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် လွိုင်ကော်တွင် ငွေကျပ် ၅၀၀၊ ပခုက္ကူတွင် ငွေကျပ် ၂၀၀၊ အာလူး တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၅၀၀၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၂၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ကြက်သွန်နီ တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၃၀၀၊ ပုသိမ်နှင့် ပခုက္ကူတွင် ငွေကျပ် ၂၀၀၊ ပြည်တွင် ငွေကျပ် ၄၀၀၊ ပဲခူးတွင် ငွေကျပ် ၅၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ)နှင့် (ကြူကုတ်စ) တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၁၀၀၊ နနွင်းတက် တစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၅၀၀၊ ချင်း၊ ဆားနှင့် အာလူး တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၁၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၂၀၀၊ သကြား တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၂၀၀၊ ကြက်သား တစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၁၀၀၀ ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၁-၂၀၂၃ ကြာသပတေးနေ့

**MRTV HD**

**၀၆:၀၀** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ် အနန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** "၂၀၂၂-၂၀၂၃ ပညာသင်နှစ်အခြေခံပညာ ကျောင်းသားအားကစားပွဲတော်၊ နေ့စဉ်ယှဉ်ပြိုင်နေမှုအစီအစဉ်"
**၀၉:၁၀** NRC အစီအစဉ် "အလှပြာဝေတောင်ဇလပ်မြေ"
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** "ဧယျာဂရွှေမြေနှင့်ငွေထည်လုပ်ငန်း"
**၁၁:၃၀** ရုပ်မြင်သံကြားဇာတ်လမ်း **"ဖြားထိသွားသောမုဆိုး"**
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း"** (အပိုင်း-၅၄)
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **"အောင်ပွဲမဏ္ဍိုင် ရင်ဆိုင်ချိတက်"** (အပိုင်း-၂၉)
**၁၆:၃၅** သမိုင်းပြတိုက်ထဲကချစ်စရာပန်းကလေးတို့မြေ
**၁၇:၂၀** Soccer View
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **"အတိတ်ဒါးဒါးအချစ်ချိုချို"** (အပိုင်း-၁၈)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** "၂၀၂၂-၂၀၂၃ ပညာသင်နှစ်အခြေခံပညာ ကျောင်းသားအားကစားပွဲတော်၊ နေ့စဉ်ယှဉ်ပြိုင်နေမှုအစီအစဉ်"
**၂၁:၃၅** သံစဉ်ချိုမြမြန်မာတေးအလှ
**၂၁:၄၀** နိုင်ငံခြားဇာတ်လမ်းတွဲ **"အောင်ပွဲမဏ္ဍိုင် ရင်ဆိုင်ချိတက်"** (အပိုင်း-၃၀)

**mitv**

**07:01** Evergreen Classic: Myat Day Thanar (Pan Ei Phyu)
**07:09** Shwezigon Pagoda
**07:37** Done Nyaung Hmaing: A New Tourism Spot
**07:49** Farming: Duck Breeder
**08:01** News
**08:27** Introductory Programme of Literary Award Winners (U Ye Dway)
**08:49** Gold from Garbage
**09:00** A Day Life Of Kayan Padaung Tribe
**09:30** Myanmar's Bamboo Hat
**09:43** A Day in Pyin Oo Lwin
**10:01** News
**10:27** Myanmar Traditional Snacks: Popped Rice Ball
**10:32** The Crocodiles of Meinmahla Island

**MRTV NRC**

**ချင်း(လိုင်ဇိုး) (၆:၀၀)မှ (၇:၀၀)ထိ**
တောင်ကြာပန်းများပျော်စံရာဇီနိမ့်မှုတောင်

**ချင်း(ချိုး) (၇:၀၀)မှ (၈:၀၀) ထိ**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**မွန် (၈:၀၀)မှ (၁၀:၀၀)ထိ**
ဝနိပူး၏အသုံးဝင်ပုံအကျိုးကျေးဇူး

**ရခိုင် (၁၀:၀၀)မှ(၁၂:၀၀)ထိ**
ရခိုင်တိုင်းရင်းသားတို့ရဲ့ချစ်စရာ့ရိုးရာအိမ်ကလေး

**ရှမ်း (၁၂:၀၀)မှ (၁၄:၀၀)ထိ**
အလှမှာယဉ်ဆေးဖက်ဝင်သည့်တရုတ်စံကားပွင့်လေးများ

**"ဝ" (၁၄:၀၀)မှ (၁၆:၀၀)ထိ**
ရှန်ဒိုက်သို့အလည်တစ်ခေါက်

**ကချင် (၁၆:၀၀)မှ (၁၈:၀၀)ထိ**
သွေးချင်းတို့ရဲ့ခေါင်လန်ပူး

**ကယား(၁၈:၀၀)မှ(၂၀:၀၀) ထိ**
အလှပြာဝေကယားတို့ဌာနေ

**ဝကောကရင် (၂၀:၀၀)မှ (၂၁:၀၀)ထိ**
တုတ်ကွေးရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင်(၂၁:၀၀)မှ(၂၂:၀၀)ထိ**
ချင်းရိုးရာအစားအစာ သီးဆော့

**အရှေ့ပိုးကရင် (၂၂:၀၀)မှ (၂၃:၀၀)ထိ**
စာပေစကားပြောကြရအောင်(အပိုင်း-၂)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
**၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၀၉:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ
**၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို "ယုန်ကမတိုးပိုက်ကတိုး"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
**၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV FARMERS'**

**၀၆:၀၂** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
**၀၆:၂၅** ရွှေသွားမွေးခင်းသို့တစ်ခေါက်
**၀၇:၁၀** ရေရှည်တည်တံ့သောပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်ခြင်း
**၀၇:၅၀** အိုင်စီတီခေတ်၏အစိမ်းရောင်လမ်း
**၀၈:၂၀** အထွက်နှုန်းကောင်းဝင်ငွေကောင်းဖို့ စပ်မျိုးနေကြာစိုက်ကြစို့
**၀၉:၁၅** ရေပေါ်မှသဘာဝသီးနံ့
**၀၉:၅၀** မုန်းတောရှာဒေသသူတို့တာဝ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel တို့ နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၃) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပန်းတောင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**ပန်းတောင်း ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပန်းတောင်းမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဇန်နဝါရီ ၁၆ ရက်က ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးချုပ် မျိုးတင့်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သရက်လိန်ကျေးရွာအုပ်စုရှိ နေကြာစိုက်ခင်းများ၊ သူရဲတန်းကျေးရွာအုပ်စုရှိ နွေစပါးမျိုးစေ့ချ စိုက်ခင်းများနှင့် မြစ်ရေတင်လုပ်ငန်း၊ ရွာသာယာ ကျေးရွာအုပ်စုရှိ ဖိုးဦးတောင်ဘုရား ဓာတ်လှေကားပြုလုပ်မည့် စီမံကိန်း စသည်တို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးသည်။ **သင်းသင်းအေး(ပြန်/ဆက်)**

# အင်းလေးဒေသ၌ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျှော့ချနိုင်ရေးဆောင်ရွက်

**ညောင်ရွှေ ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသ ဟဲယာရွာမမြို့ လျှပ်စစ်မှူးရုံးမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှု လျှော့ချနိုင်ရေးနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများ မရှိစေရေးအတွက် ဇန်နဝါရီ ၁၇ ရက်က မြို့လျှပ်စစ်မှူး ဦးနိုင်လင်းဦးနှင့် ဝန်ထမ်းများက ကျေးရွာများသို့ မီတာစစ်ဆေးခြင်း၊ လိုင်းနှင့် နီးစပ်သော သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **နေမျိုးသူရိန်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၁ - ၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၂၄၁၉၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၂၄၇၈၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၉၀၃ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၉၀၈ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၅ ကျပ် | ၂၄၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၁၅ ကျပ် | ၂၅၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၅၅ ကျပ် | ၂၂၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၀၅ ကျပ် | ၂၂၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၈၁ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၈၄ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၃ . ၉၁၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၆၂၂ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၈၆ . ၈၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၁၀ . ၉၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၈၄၁ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၀ | ၀ | ၀ | ၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၂ | ၆၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၀၀ | ၁၉၀၀ | ၂၃၁ | ၄၃၈၉၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၂၀၅ | ၁၀၀၄၅၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရန်ကုန်တိရစ္ဆာန်ဥယျာဉ် (၁၁၇)နှစ်ပြည့်မြောက် အထိမ်းအမှတ်ပွဲတော်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်တိရစ္ဆာန်ဥယျာဉ် (၁၁၇) နှစ်ပြည့်မြောက် အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၁၁၇) နှစ်ပြည့်မြောက် အထိမ်းအမှတ်ပွဲတော် ကာလအတွင်း ယဉ်ကျေးလိမ္မာ တိရစ္ဆာန်လေးများနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးခြင်း၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ပညာပေးပြခန်းများနှင့် ကလေးများအတွက် ပျော်ပွဲရွှင်ပွဲများ ပါဝင်မည့်အပြင် စျေးရောင်းပွဲတော်ကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ယခု ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း တိရစ္ဆာန်မျိုးစိတ် ၁၃၂ မျိုး၊ တိရစ္ဆာန်အကောင်ရေ ၁၄၀၀ ခန့်ပြသထားပြီး နိုင်ငံတကာအဆင့်မီ ဆင်ပြတိုက်ကိုလည်း ပြင်ဆင်ဖွင့်လှစ်ထား ရှိကြောင်း သိရသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို ၁၉၀၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ စတင်ဖွင့်လှစ်ခဲ့ရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် (၁၁၇)နှစ်ပြည့်မြောက်ပြီဖြစ်ကြောင်း သိရသည်။

**စန္ဒာမိုး**

# ထိုင်းနိုင်ငံ၌ ကျင်းပသည့် သက်ကြီးတန်းချန်ပီယံရှစ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ မြန်မာ ရွှေတစ်ခု၊ ငွေနှစ်ခု ရရှိ

**ရန်ကုန် ဇန်နဝါရီ ၁၈**

ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ဇန်နဝါရီ ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့သည့် (Thailand Master Championship and All Thailand Table Tennis Championship) ပြိုင်ပွဲတွင် မြန်မာအားကစားသမားများ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခုရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ်မှ အားကစားသမားသက်ကြီးတန်းတွင် ငါးဦး၊ သက်ငယ်တန်းတွင် တစ်ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းပြိုင်ပွဲ၌ သက်ကြီးတန်းချန်ပီယံရှစ်နှင့် တစ်ဦးချင်းအလွတ်တန်းတွင် မြန်မာမှ ကိုကြည်မြင့်က Over40 တွင် ငွေနှစ်ခု၊ Over 50 တွင် ရွှေတစ်ခု ဆွတ်ခူးရရှိခဲ့သည်။ **(အပေါ်ပုံ)**



"ဒီပြိုင်ပွဲကို ယှဉ်ပြိုင်ဖို့ စာရင်းပေးပြီး ကတည်းက ပုံမှန်လေ့ကျင့်ခဲ့တယ်။ ထိုင်း၊ တရုတ်၊ ဂျာမနီ၊ ပြင်သစ်စတဲ့ နိုင်ငံတွေကလည်း လာရောက်ယှဉ်ပြိုင်ကြတယ်။ အဓိက ကစားသမားတွေကတော့ ထိုင်းနိုင်ငံက ကစားသမားတွေပါ။ Over 50 ဗိုလ်လုပွဲမှာ ထိုင်းကစားသမားကို သုံးပွဲ၊ ပွဲမရှိနဲ့ အနိုင်ရရှိပြီး ရွှေတံဆိပ် ရရှိခဲ့တယ်။ လူငယ်တွေကို ပြောချင်တာက ဘယ်ပြိုင်ပွဲမဆို ဂိမ်းပွိုင့်မရောက်မချင်း ကြိုးစားထားပါ။ တစ်မှတ်နဲ့ ကိုယ်ပြန်ရှုံးသွားတာ နစ်နာပါတယ်"ဟု ကိုကြည်မြင့်က ပြောသည်။

ယင်းပြိုင်ပွဲတွင် အလွတ်တန်းကစားသမား ၁၂၅ ဦး၊ Over 40 ပြိုင်ပွဲတွင် ၈၅ ဦး၊ Over 50 ပြိုင်ပွဲတွင် ကစားသမား ၆၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အောင်ပွဲရမြန်မာ စားပွဲတင်တင်းနစ်ပြိုင်ပွဲဝင် အားကစားအဖွဲ့သည် ယနေ့နံနက်ပိုင်းက လေကြောင်း ခရီးစဉ်ဖြင့် ပြန်လည် ရောက်ရှိလာရာ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးအောင်နိုင်ဆွေ၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် အမှုဆောင်များ အားကစားသမားများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**

**ဓာတ်ပုံ-တင်စိုး**

# မြန်မာ ယူ-၂၂ အသင်း ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲလေးခု ယှဉ်ပြိုင်ရမည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲ လေးခုယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာရှအဆင့်၊ အရှေ့တောင်အာရှအဆင့် အဆင့်မြင့်ပြိုင်ပွဲများစွာ ပါဝင်လျက်ရှိသည်။

မြန်မာ ယူ-၂၂ အသင်းသည် မေလမှစတင်ကာ နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မေလတွင် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၊ စက်တင်ဘာတွင် ၂၀၂၄ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ၊ အောက်တိုဘာတွင် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၊ ဒီဇင်ဘာတွင် အာဆီယံ ယူ-၂၂ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်။ (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ၂၀၂၂ ခုနှစ်တွင် ကျင်းပရမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ကြောင့် ၂၀၂၃ ခုနှစ်သို့ ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲနှင့် တစ်နှစ်တည်း ကျင်းပခြင်းဖြစ်သည်။ အာရှအားကစားပြိုင်ပွဲကို ၂၀၁၈ ပြိုင်ပွဲမှ တစ်ကျော့ပြန် ယှဉ်ပြိုင်ခဲ့ကာ ယခုပြိုင်ပွဲတွင် ထပ်မံယှဉ်ပြိုင်ရန် စီစဉ်ထားသည်။ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲမှာမူ ၂၀၂၄ ပါရီအိုလံပစ်ဝင်ခွင့်အတွက်ပါ အရေးပါသည့် ပြိုင်ပွဲဖြစ်ပြီး ခြေစစ်ပွဲအောင်မြင်ပြီး နောက်ဆုံးအဆင့်တွင် ပထမမှ တတိယရသည့် သုံးသင်းမှာ အိုလံပစ်ပြိုင်ပွဲ ဝင်ခွင့်ရမည်ဖြစ်သည်။ အာဆီယံ ယူ-၂၂ ပြိုင်ပွဲကို ၂၀၂၃ ခုနှစ်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နှစ်ကုန်ပိုင်းမှ ပြုလုပ်မည် ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် နည်းပြချုပ်နေရာ လစ်လပ်နေပြီး နည်းပြသစ်ခန့်အပ်ပြီးမှသာ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၅/၁၊ သလ္လာမြို့သစ်)၊ ဦးပိုင်အမှတ် (မြိုင်ဟေမာ လမ်း-၉)၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိမြေအား အမှုတွဲအမှတ် 291/1990–1991 အရ (၃၀-၁၂-၁၉၉၁)မှ (၂၉-၁၂-၂၀၂၁)ထိ ဗိုလ်ကြီးတင်စိန် အမည်ဖြင့် နှစ် ၃၀ မြေငှားဂရန်ရရှိထားသော ဝင်းမြေအား ဗိုလ်ကြီးတင်စိန်အမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်ကြေညာချက်

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ သစ်ခွလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄/၅)၊ မြေကွက်အမှတ်(၁၁၈၅)တွင် (၁)ထပ်တိုက်အဆောက်အဦ ဖျက်သိမ်းခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်လက်မှတ်အမည်ပေါက် ဦးမြင့်လွင်(၁၂/စခန(နိုင်)၀၀၄၂၇၈)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးသန်းအောင် (၉/မရမ(နိုင်)၀၉၀၁၉၆)မှ တင်ပြလျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ပူးတွဲတင်ပြထားသော မြေပိုင်ဆိုင်မှု(၃)နှစ်သက်တမ်းရှိ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်လက်မှတ်မှာ သက်တမ်းကျော်လွန်နေသဖြင့် အဆောက်အဦ ဖျက်သိမ်းခွင့် တင်ပြလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန်ကြေညာချက်

သဃ်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ နှင်းဥယျာဉ်အိမ်ရာ၊ နှင်းပန်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်–၅၂+၅၃၊ အမှတ်–(၁၂၂)တွင် (၃)ထပ်တိုက် (Slab Roof) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၏ (၃)နှစ်ပါမစ်မြေအမည်ပေါက် မဟာရွှေတောင်ကုမ္ပဏီလီမိတက်၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၂၈၆၁၅၈၂၂)ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူ၍ ဒေါ်ရီရီနွဲ့(၁၂/မဂတ(နိုင်)၀၆၁၁၉၂)မှ တင်ပြလျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ပူးတွဲတင်ပြထားသော မြေပိုင်ဆိုင်မှု (၃)နှစ်သက်တမ်း ပါမစ်မြေအမျိုးအစားအထောက်အထားပါ ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်မှာ သက်တမ်းကျော်လွန်နေသဖြင့် အဆောက်အဦ ဆောက်လုပ်ခွင့်တင်ပြလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက် ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/01088, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ခိုင် ၁၄/ပသန(နိုင်)၁၇၆၉၈၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## တစ်ဦးတည်းဖြစ်ကြောင်း

ဖောင်းပြင်မြို့နယ်၊ သရောင်းအုပ်စု၊ သရောင်းကျေးရွာနေ ဦးသန်းညွန့်၏သမီး မဝေထက်ဦးနှင့် မမေထက်ဦး ၅/ဖပန(နိုင်)၀၇၂၆၅၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/73206, Honda Wave–110, M/C ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(မုံရွာ)

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးရပ်၊ အေးရိပ်ချမ်းသာလမ်းနေ ဦးသူရိန်ဦး ၆/ကသန(နိုင်)၀၃၄၄၆၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကန့်ကွက်နိုင်ပါကြောင်းဖြင့် အသိပေးကြေ ညာအပ်သည်မှာ–

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ်–RA–III/ကွက်ပြင်(၃)၊ ဦးပိုင်အမှတ်(၆၇-ည)၊ မြေယာအမှတ်(178/442–F)၊ မြေဧရိယာ(၀ဒသမ၃၅)ဧကရှိ ဂရန်မြေနှင့် ယင်းမြေပေါ်ပါ နေအိမ်အဆောက်အအုံ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ မြေငှားဂရန်အမှုတွဲအမှတ် ၃၂၉/၂၀၁၉–၂၀၂၀၊ ဂရန်စာချုပ်နံပါတ် ၀၆၉/၂၀၂၀–၂၀၂၁အရ ဂရန်အမည်ပေါက်သူ ဦးညီညီဆွေတင် (ခ) ဦးမင်းဆွေတင် ၁၂/ဗဟန(နိုင်)၁၀၉၁၉၂ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် အလို့ငှာ ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ဂရန်မြေနေအိမ်အဆောက်အအုံနှင့်စပ်လျဉ်းပြီး တရား ဝင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုသည် ယနေ့မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာ ရုံးဌာနအသီးသီးတွင် တရားဝင်ပိုင်ဆိုင်မှု မှတ်ပုံတင် စာချုပ်စာတမ်း မူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသည့်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးသူရိန်ဦး** | **ဒေါ်ဖြိုးပပဝင်း(LL.B,D.B.L,WIPO(Switzerland))** |
| **၆/ကသန(နိုင်)၀၃၄၄၆၇** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၄၈၂/၂၀၁၂)** |
| | **အခန်းအမှတ်(၂၄)၊ YMCA တိုက်ခန်း၊ မန္တလေး–လားရှိုးလမ်းမကြီး၊ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့၊** |
| | **ဖုန်း–၀၉–၂၀၅၀၁၂၈** |

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၁-၂၀၂၃ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၇)နှင့် (၂၈)ပါ "ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ" (၂)ခု၏ ခေါင်းစဉ်တို့တွင် " ပြင်ဦးလွင်မြို့နယ်တရားမရုံးတော်" အစား " **ပြင်ဦးလွင်မြို့နယ်တရားရုံးတော်**" ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၁၄၆ဧကရှိ ဦးရန်လင်း ၈/ပခက(နိုင်)၀၇၆၅၅၁(ဘ)ဦးချစ်လှိုင် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၁၄၈၃)ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၁၄၄/၂၀၂၂ (၂၄-၂-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးလှဖုန်း ၅/ငဇန(နိုင်)၀၃၇၇၃၄ (ဘ) ဦးချစ်လှိုင်မှ ဒေါ်ဌေးဌေးဝင်း ၉/မခန(နိုင်)၀၁၅၁၀၄နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေး ကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၈ယ/၂၁၅၂၈, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးအေး ၆/သရခ(နိုင်)၀၃၉၃၃၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၆၂၃၂၅, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေဇင်အောင် ၆/ထဝန(နိုင်)၁၂၆၆၈၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၃၅၃၄၄ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းမိုးခိုင် ၁၀/သဖရ(နိုင်)၀၉၂၉၂၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၅၁၁၁၀ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးညဏ်ထွန်း ၆/ထဝန(နိုင်)၀၇၆၉၈၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

# ပြည်တက္ကသိုလ်၊ အဝေးသင်-သင်တန်း
